# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့်**
**နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား ကြည့်ရှုစစ်ဆေး

## ရထားပို့ဆောင်ရေးစနစ်သည် နိုင်ငံတော်၏ ပို့ဆောင်ဆက်သွယ်ရေးနှင့်ကုန်သွယ်ရေး၌ အရေးပါသဖြင့် မြှင့်တင်ရန်လို

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မလွှကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွှကုန်း)စက်ရုံ အစည်းအဝေးခန်းမတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွှကုန်း)အတွင်း စက်ခေါင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




# အမှန်တကယ် အလုပ်လုပ်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ ရုပ်ဝတ္ထု (material)၊ ငွေကြေး (money)နှင့် လူသား (man) အရင်းအမြစ် သုံးမျိုး (3Ms) ကို အကျိုးရှိ အထိရောက်ဆုံးအသုံးပြုရမည်ဟု ပညာရှင်များက ဆိုကြသည်။ ရုပ်ဝတ္ထုအရင်းအမြစ်တွင် သဘာဝ သယံဇာတအရင်းအမြစ်များနှင့် လူလုပ်ပစ္စည်းကိရိယာများအားလုံး လွှမ်းခြုံပါဝင်ပြီး ငွေကြေးအရင်းအမြစ်တွင် နိုင်ငံ၏ပြည်တွင်း ပြည်ပ တွင်ရှိနေသော ငွေကြေးအရင်းအနှီးအားလုံးပါဝင်သည်။ လူသားအရင်း အမြစ်တွင်မူ နိုင်ငံသားပြည်သူများ၏ ကာယ၊ ဉာဏစွမ်းအားများ၊ အသိပညာအတတ်ပညာကျွမ်းကျင်မှုများနှင့်စိတ်ဓာတ်ရေးရာ အခြေ အနေများပါဝင်သည်။

အဆိုပါအရင်းအမြစ် သုံးမျိုးအနက် ရုပ်ဝတ္ထုအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်တို့ကို လူတို့ကပင် ကိုင်တွယ်ဆောင်ရွက်ပြီး တိုးတက်အောင်ကြိုးပမ်းကြရခြင်းဖြစ်ရာ လူသားအရင်းအမြစ်သည် ပဓာန၊ လူသားအရင်းအမြစ်ကို ထိရောက်စွာအသုံးပြုခြင်းဖြင့် အခြား အရင်းအမြစ်များကိုလည်း သုံးလာနိုင်စွမ်းရှိကာ နိုင်ငံဖွံ့ဖြိုးတိုးတက် ရေး ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ လူသားအရင်းအမြစ်ကို ထိရောက် စွာအသုံးချသည်ဆိုရာတွင် အလုပ်ကိုအားကြိုးမာန်တက် လုပ်ကိုင် ကြရန် နှိုးဆော်တိုက်တွန်းခြင်းထက် လုပ်အားကို အစွမ်းကုန်အသုံး ချလာနိုင်စေမည့် အခြေအနေများ ဖန်တီးပေးခြင်းက ပိုမို၍ ထိရောက် အားကောင်းသော နည်းလမ်းဖြစ်သည်ဟု ပညာရှင်တို့က ဆိုသည်။ ထိုသို့အခြေအနေများ ဖန်တီးပေးရာတွင် လူတို့၏တီထွင်ဖန်တီးမှု များ၊ စွမ်းရည်များ၊ ကျွမ်းကျင်မှုများ ဖော်ထုတ်အသုံးချနိုင်မည့် အဆောက်အအုံပိုင်းဖွဲ့စည်းမှု၊ နေရာချထားမှုတို့ လိုအပ်သလို နိုင်ငံ ကိုအကျိုးပြုမည်ဟူသော ယုံကြည်ချက်၊ အတွေးအခေါ်၊ အယူအဆ များ ပေါ်ထွန်းလာစေရေးမှာလည်း လွန်စွာအရေးကြီးသည်ဟု ဆို ထားသည်။

ယနေ့နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုး ရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် နည်းတူ နိုင်ငံသူ နိုင်ငံသားများ စားရေရိက္ခာဖူလုံရေး၊ အာဟာရ ပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကိုလည်း အလေးအနက်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာ ၆ ရက်က သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာ တွင် "စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သည် ပထမဦးစားပေးပင်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အောင်မြင်စွာထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေရှိပြီး ဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ရန် ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း အစိုးရမှ ဖန်တီးပေးရမည် ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် အရင်းအမြစ်များ ကြွယ်ဝသလို အလားအလာ ကောင်းများကိုလည်း ပိုင်ဆိုင်ထားပါလျက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်းတွင် လူသားအရင်းအမြစ်ကို ဆန်းစစ်ရမည်ဖြစ် သည်။ ပညာရှင်တို့အဆိုအမိန့်အရ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသည် လူသားဆိုင်ရာ လုပ်ငန်းတာဝန်(Human Undertaking)ဖြစ်ပြီး လူပိုင်းဆိုင်ရာကို ဦးစွာချဉ်းကပ်ဖြေရှင်းရန် လိုအပ်သည်ဟု ဆိုသည်။ နိုင်ငံစီးပွားမြင့်မားမှ နိုင်ငံသားတို့၏လူမှုစီးပွားဘဝများလည်း လိုက်ပါ မြင့်မားနိုင်မည်ဖြစ်ရာ ဒီမိုကရေစီစနစ်အရ နိုင်ငံတွင်မည်သည့်အစိုးရ က တာဝန်ယူသည်ဖြစ်စေ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများမှာမူ စဉ်ဆက်မပြတ် လုပ်နေရမည်သာဖြစ်သည်။ အလုပ်လုပ်နိုင်ရေး အတွက် အစိုးရက ဖန်တီးပေးခြင်းနှင့်အတူ အမှန်တကယ်အလုပ်လုပ် ကြသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျသည့်ဘဝမှ ရုန်းထနိုင်ကြမည် ဟု ယုံကြည်ပါကြောင်း။ ။





## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) တွင် ပါဝင် ဆောင်ရွက်ပေးခဲ့ကြသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် အကဲဖြတ် ပညာရှင်ကြီးများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်း က မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီရုံးရှိမြို့တော် ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ တိုင်းဒေသကြီးဝန်ကြီး များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူ များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ မှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ အကဲဖြတ် ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထား သည့်ဧည့်သည်များ တက်ရောက် ကြသည်။




အခမ်းအနားတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကား ပြောကြားရာတွင် (၂၄)ကြိမ် မြောက် မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) တွင် ပါဝင် ဆောင်ရွက်ပေးခဲ့ကြသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် အကဲဖြတ် ပညာရှင်ကြီးများက ပြိုင်ပွဲများ တွင် စိတ်ရောကိုယ်ပါ ပါဝင် ဆောင်ရွက်ပေးခဲ့သည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဗဟို အဆင့်တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် ၁၄၇ ဦးကို စနစ်တကျ စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အကဲဖြတ် ပညာရှင်ကြီးများအနေ ဖြင့် စခန်းသွင်းလေ့ကျင့်ချိန်ကာလ အတွင်း ရွေးချယ်ထားသည့် ပြိုင်ပွဲ ဝင်များ၏အရည်အသွေးများ ပိုမို တိုးတက်လာရေးအတွက် လိုအပ် ချက်များကို ဖြည့်ဆည်းသင်ကြား ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကဲဖြတ် ပညာရှင်ကြီးများအား ဂုဏ်ပြုငွေ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ပြီး **(အပေါ်ပုံ)** ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံကာ အမျိုးသားယဉ်ကျေးမှုနှင့် အနု ပညာတက္ကသိုလ် (မန္တလေး)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**သာစည် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားဆရာ ဆရာမကြီး



များနှင့် ပညာရေးဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၆ ရက်က မြို့နယ်ပညာရေးမှူးရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ဆရာကန်တော့ပွဲကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင့် ဘော်က မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ကမ္ဘာ့ဆရာ များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က ဖတ်ကြားသည်။ ဆက်လက်ပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင် များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ကျော်က ဖတ်ကြားပြီး အသက် (၇၀)နှစ်နှင့်အထက် အငြိမ်းစား ပညာရေးဝန်ထမ်း ၁၂ ဦးတို့ကို တစ်ဦးလျှင် ကန်တော့ထောက်ပံ့ငွေကျပ် ငါးသောင်းဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ် (ပြန်/ဆက်)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရှင်းလင်းတင်ပြစဉ်။

❒ *ရွှေဖုံးမှ*

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က မလွကုန်းယာဒ်ဝင်း၏ နောက်ခံသမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များ၊ ယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် လက်ရှိပြေးဆွဲလျက်ရှိသည့် ကုန်ရထားများမှ ကုန်တင်ပို့မှု၊ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွကုန်း)၊ မလွကုန်းတွဲပြင်အလုပ်ရုံ၊ တံတားပေါင်အလုပ်ရုံ (မလွကုန်း)၊ ယန္တရားအလုပ်ရုံ(မလွကုန်း)တို့၏ နောက်ခံသမိုင်း အကျဉ်းများ၊ စက်ရုံ၊ အလုပ်ရုံတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးအတွက် ရထားပို့ဆောင်ရေးစနစ်ကို စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏ ကုန်စည်စီးဆင်းရေးကဏ္ဍတွင် ကုန်ရထားများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ **သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့် ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်ကြောင်း၊** ထို့ကြောင့် ရထားဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကဏ္ဍမြင့်မားစေရေးအတွက် ကုန်တွဲများကြံ့ခိုင်ရေးကို ဆောင်ရွက်ရန်လိုသကဲ့သို့ စက်ခေါင်းများလည်း ကောင်းမွန်နေရမည်ဖြစ်ကြောင်း၊ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို**ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အဖွဲ့ဝင်များ RBE ရထား အတွင်းပိုင်းအပြင်အဆင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့နိုင်ငံတွင် ရထားများကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံများကို အကျိုးရှိရှိအသုံးချ၍ ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင် ထုတ်လုပ်နိုင်ရမည်၊ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရထားသယ်ယူပို့ဆောင်ရေးကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းများ ကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများ ကြံ့ခိုင်ကောင်းမွန်မည်ဖြစ်သည့်အတွက် မီးရထားလမ်းများ စနစ်တကျရှိပြီး ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ကျောက်ထည့်သွင်းခြင်း၊ ဇလီဖားတုံးများ ထည့်သွင်းခြင်းတို့ကို စံချိန်စံနှုန်းပြည့်မီရန်နှင့် နည်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့်စနစ်ဖြစ်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)အတွင်း စက်ခေါင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ခေါင်းများအား ပြုပြင်ရမည့်အဆင့်အလိုက်၊ ထိန်းသိမ်းရမည့်အဆင့်အလိုက် မပျက်မကွက် ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရထားစီးခရီးသည်များအတွက် ဆွဲဆောင်မှုရှိရန်လည်းလိုကြောင်း၊ ရထားလမ်းများ ယခုထက်ပို၍ ကြံ့ခိုင်မှုရှိစေရေးသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ သက်တမ်းကြာမြင့်ပြီဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ ဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အသုံးပြုသည့် ကိရိယာပစ္စည်းများ စနစ်တကျရှိစေရေး တန်ဖိုးထား၍ ထိန်းသိမ်းလုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

> ❖ **သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့် ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်**
>
> ❖ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို**

### ခရီးတိုနှင့် ရန်ကုန်မြို့ပတ်လမ်း၌ ပြေးဆွဲနိုင်ရေး RBE ရထားတွဲများအား စစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မလွကုန်းတွဲပြင်အလုပ်ရုံသို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံ West Corporation မှ မြန်မာ့မီးရထားသို့ လှူဒါန်းထားသည့် RBE အစင်း ၃၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် RBE ရထားများ အတွင်းပိုင်းအပြင်အဆင်များနှင့် စက်ပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုရထားများသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် ခရီးတိုပြေးဆွဲနိုင်ရေး ရည်ရွယ်ထားသည့်အတွက် ကြံ့ခိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားရန်နှင့် ရထားစီးခရီးသည်များအဆင့်မီစွာ စီးနင်းအသုံးပြုနိုင်ရေး လိုအပ်သည်များကို မပြတ်စောင့်ကြည့်ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့မီးရထားတွင်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တာဝန်ထမ်းဆောင်ခဲ့သည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများအား ပြန်လည်အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် စနစ်တကျထိန်းသိမ်းထားရှိရန် လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မလ္လကုန်းယာဒ်ဝင်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ မီးရထားဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

မလ္လကုန်းယာဒ်ဝင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ကုန်တွဲပေါင်း(၉၀၂၁)တွဲကို အသုံးပြု၍ ကုန်စည်သယ်ယူပို့ဆောင်မှုကို လုပ်ဆောင်ခဲ့ပြီး ( ၁၉၄၀-၁၉၄၁)ခုနှစ်တွင် ကုန်တန်ချိန်(၄,၀၃၀,၆၅၃)တန်အထိ အများဆုံးသယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပြီး ကုန်ရထားတွဲဆိုင်းများဖွဲ့ဆင်၍ စေလွှတ်ခြင်းနှင့် လက်ခံခြင်းပြုလုပ်ရာ၌ အဓိကကျသည့် ယာဒ်ဝင်းတစ်ခုဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူတို့အားထားနိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာတွင် မလ္လကုန်းယာဒ်ဝင်းသည် အဓိကကျသည့် ယာဒ်ဝင်းတစ်ခုဖြစ်ပြီး စက်ခေါင်းများ မွမ်းမံပြုပြင်သည့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ ကုန်တွဲပြင်အလုပ်ရုံများလည်း တည်ရှိရာနေရာတစ်ခုဖြစ်သည်။ ထို့ပြင် ရထားလမ်းတံတားများ၊ ကားလမ်းခုံးကျော်တံတားများအတွက် လိုအပ်သည့် တံတားပေါင်များ ထုတ်လုပ်ပေးလျက်ရှိသော တံတားပေါင် အလုပ်ရုံနှင့် စက်ယန္တရားကြီးများကို မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ယန္တရားအလုပ်ရုံများ တည်ရှိရာနေရာလည်းဖြစ်ကာ နိုင်ငံတော်၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းကြောင်းအစဉ်အလာကောင်းစွာဖြင့် အစဉ်အဆက်ဆောင်ရွက်ခဲ့သည့် မလ္လကုန်းယာဒ်ဝင်းဧရိယာသည် မြန်မာ့မီးရထားအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ RBE ရထားများ စက်ပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံ၊ အလုပ်ရုံများမှ မီးရထားဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## လှိုင်ကော်မြို့ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု



**လှိုင်ကော် အောက်တိုဘာ ၇**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးရေးအတွက် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အဖွဲ့က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများ၊ လှိုင်ကော်တပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ (ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါကျောင်း၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများ ကြည့်ရှုအားပေးခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား လွန်းကျင်းအဆောက်အဦဒီဇိုင်းပုံစံ ပြင်ဆင်မှု အခြေအနေ ရှင်းလင်းတင်ပြ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျောင်ဝိုင်းလွန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွန်းကျင်း လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အကျိုးရှိအောင် ဆောင်ရွက်သွားရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား လွန်းကျင်းအဆောက်အဦဒီဇိုင်းပုံစံ ပြင်ဆင်မှု အခြေအနေ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများက ဂျောင်ဝိုင်းလွန်းကျင်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလွန်းကျင်းသည် လုပ်ငန်းဆောင်ရွက်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး လွန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေယာဉ်တည်ဆောက်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများပြုလုပ်နိုင်ရန် လိုအပ်သည်များ ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး နေအိမ်လိုင်းခန်းများနှင့် အခြားအဆောက်အဦများ ထည့်သွင်းနိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျောင်ဝိုင်းလွန်းကျင်းအတွင်းရှိ လွန်းဆွဲရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**❂ ယခုလွန်းကျင်းသည် လုပ်ငန်းဆောင်ရွက်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး လွန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်သွားရမည်**

**လိုအပ်သည်များဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွန်းကျင်းအတွင်းရှိ လွန်းဆွဲရုံ၊ ရေလုံလွန်းကျင်းနှင့် လွန်းလမ်းများ၊ လွန်းကျင်းအဝင်နှင့် ဆိပ်ခံတံတားအနီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လွန်းကျင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**လုပ်ငန်းဆောင်ရွက်မှုများရပ်တန့်ခဲ့**

အဆိုပါ ဂျောင်ဝိုင်းလွန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကာ လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့သည်။ ဂျောင်ဝိုင်းရေလုံ လွန်းကျင်း၏ သက်တမ်းသည် ၃၆ နှစ် ကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် ဂျောင်ဝိုင်းလွန်းကျင်းအား လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှုရှိသည့် အစိုးရဌာန၊ အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဂျောင်ဝိုင်းလွန်းကျင်းအတွင်းရှိ ရေလုံလွန်းကျင်းနှင့် လွန်းလမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၇

**တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Nyingchi မြို့တွင် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**

အောက်တိုဘာ ၅ ရက်က ပြည်ထောင်စုဝန်ကြီးသည် လူလန်မြို့ ဇာရှီဂန်တိဗက်ကျေးရွာသို့ သွားရောက်၍ ကျေးလက်ပြည်သူများ ပြည်သူအခြေပြု ခရီးသွားလုပ်ငန်း (Community-Based Tourism) ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပခရီးသွားများအတွက် ရိုးရာမြားပစ်ခြင်း၊ မြင်းစီးခြင်းနှင့် တောတွင်းလမ်းလျှောက်ခြင်းအစီအစဉ်များ ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုလေ့လာခဲ့သည်။

အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရိယာဟက်တာ ၄၃၀၀ ကျယ်ဝန်းသော လူလန်သဘာဝတောထိန်းသိမ်းရေး နယ်မြေသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက အအေးပိုင်းတောင်ပေါ်အမြဲစိမ်းတောနှင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ထားမှု၊ ရေဝေရေလဲဒေသများအား ထိန်းသိမ်းထားမှု၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်သူများ အပန်းဖြေအနားယူရန် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ ၃၀၀၀ ခန့်တွင်ရှိပြီး အကျယ်အဝန်း ၈၇၃၇ ဟက်တာရှိသော ယနီးအမျိုးသားရေတိမ်ဒေသ (Yani National Wetland Park) သို့ သွားရောက်၍ တောင်တန်းရေသယံဇာတများ၊ မြက်ခင်းလွင်ပြင်များ၊ ရေခဲတောင် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်မှု၊ တောရိုင်းတိရစ္ဆာန်နှင့် ငှက်မျိုးစိတ်များအား ကာကွယ်စောင့်ရှောက်ထားမှုကို ကြည့်ရှုလေ့လာခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ လမလင်းဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး တိဗက်ရိုးရာ ဗိသုကာလက်ရာများနှင့် ဘာသာရေးဓလေ့ထုံးထမ်းများကို လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၇**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပန်းစည်းများ၊ အိုးစည်၊ ဒိုးပတ်များဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။ (ဓာတ်ပုံ)

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစား အဖွဲ့တွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ ပထမရွှေတံဆိပ်တစ်ဆု ရရှိသည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ နဂါးလှေလှော် (Dragon Boat) အမျိုးသမီးမီတာ (၅၀၀) ၁၂ တက်လှော်ပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ် တစ်ဆုနှင့် အမျိုးသား မီတာ (၁၀၀၀) ၁၂ တက်လှော်ပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ် တစ်ဆုရရှိခဲ့သည့် လှေလှော်အားကစား အဖွဲ့တို့မှ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် သီတဂူကေတုမတီဝိပဿနာဓမ္မရိပ်သာရှိ ပဋ္ဌိသောတဂါမိနိ ဓမ္မဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မျက်စိ ဝေဒနာရှင်များအတွက် အလှူငွေကျပ်သိန်း ၂၂၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဇဇမဟာရဋ္ဌဂုရု၊ အဘိဇဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၂ ရက်မှ ၁၀ ရက်အထိ တစ်နေ့လျှင် ၂၀၀ ခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများကို ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့သို့ ရောက်ရှိ Roscongress Investment (RCI) နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၇**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ Astana မြို့၌ အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ ပထမအကြိမ်စွမ်းအင်ဖိုရမ် (First Energy forum of the Shanghai Cooperation Organization) သို့ တက်ရောက်ခဲ့ပြီး ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် (၆)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် Russia Energy Week International Forum (REW) သို့တက်ရောက်ရန် ယမန်နေ့နံနက်က မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းသမ္မတ၏ လက်ထောက်အကြံပေးနှင့် ရုရှားနည်းပညာ စောင့်ကြည့်လေ့လာရေးအဖွဲ့ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. Segey Vladimirovish ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ Roscongress Investment (RCI) အား လက်ခံတွေ့ဆုံ၍ စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (အပေါ်ပုံ)



ထိုသို့ တွေ့ဆုံစဉ် Mr. Segey Vladimirovish က နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဆွေးနွေးခဲ့သည့် ကိစ္စရပ်များအပေါ် အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်းအတွက် ရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ရေနက်ဆိပ်ကမ်းမဖြစ်မနေ လိုအပ်ချက်၊ ၂၀၂၄ ခုနှစ် ဖေလာဒီဗော့စတော့၌ ကျင်းပမည့် Energy Forum သို့တက်ရောက်ရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများအား ဖိတ်ကြားမည့်ကိစ္စ၊ နှစ်နိုင်ငံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရုရှားနိုင်ငံ အပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်ကဏ္ဍ တစ်ခုချင်းစီအလိုက် ဆက်သွယ်ရမည့် Focal person များ ထားရှိပေးထားပြီးဖြစ်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရေး၊ ရုရှားဘက်မှလည်း Focal person များထားရှိ၍ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ရေနံချက်စက်ရုံ တည်ဆောက်ရေးနှင့် ပတ်သက်၍ Refinery Process များ တိုးတက်လာသဖြင့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် လောင်စာဆီများ ထုတ်လုပ်နိုင်သည့် နည်းစနစ်များနှင့် စပ်လျဉ်း၍ သေချာစွာဆွေးနွေးရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ယခင်ကတည်းက စစ်မှန်သည့် မိတ်ဆွေနိုင်ငံများဖြစ်သည့်အားလျော်စွာ အနာဂတ်ကာလတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် တလုတ်ပင်ကျေးရွာအုပ်စု၌ ဧပြီလအတွင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာရှိ ပလွေးချောင်း ကမ်းပါးပြိုကျခဲ့သဖြင့် နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပလွေးချောင်းရေ တိုက်စားမှုလျော့ပါးသက်သာစေရေးအတွက် ယာယီကမ်းထိန်းခြင်း လုပ်ငန်းနှင့် ချောင်းရေလမ်းကြောင်းချဲ့ပေးနေမှုကို ကြည့်ရှုစစ်ဆေးရာ လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပလွေးချောင်း ရေတိုက်စားမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ပလွေးချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုမှုအား ယာယီမြေထိန်းနံရံ ဆောင်ရွက်ရန်အတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျေးရွာမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုအတွင်းရှိ မြန်မာနယူးရောစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်မှ လယ်ယာစိုက်ပျိုးရေးသုံးပိုက်နှင့် သစ်သီးထည့်ခြင်းထုတ်လုပ်နေမှု၊ မျိုးစပါးအခြောက်ခံ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မန်နေဂျာ ဒေါ်နန်းထက်ထက်လှိုင်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်း(စံပြ)ကျေးရွာ၌ ကျေးရွာပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချပေးနေမှုကိုလည်းကောင်း၊ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် စက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်ပြီး သင်ကြားနေမှုကိုလည်းကောင်း (အပေါ်ပုံ)၊ မျိုးခေတ်ကျော်ကုမ္ပဏီမှ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှုနှင့် ညောင်ကုန်းကျေးရွာမှ ဟိုတယ်နောက်ကျောပတ်လမ်းအထိဆက်သွယ်သောလမ်းဟောင်းကို ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဍိတ မထေရ်မြတ်အား သွားရောက် ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညောင်ကုန်း(စံပြ) ကျေးရွာအနီးရှိ ငလိုက်လယ်ယာမြောင်းမကြီး လက်တံ(၁)RD–10640 မှ RD–14050 အတွင်း ပျက်စီးနေသော ရေမြောင်းအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်မြို့နယ်၌ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား စစ်ဆေး

**သရက် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/တံတားလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ ဦးဆောင်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)



၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကမ်းနီ–ပိဿလိမ်းလမ်း (၂/၁)မိုင် မြေသားတာပေါင်ချဲ့၍ မြေနီခင်းခြင်းလုပ်ငန်း၊ ဝက်သားစား – ဝက်တိုးလမ်းမှ ကမ်းနီရွာချင်းဆက်လမ်းပေါ်ရှိ ပေ ၂၀၀ ရေကျော်တစ်စင်းတည်ဆောက်ခြင်းနှင့် ပြရေ–ပုထိုးလမ်း (၂/၁)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန်းမင်းအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၇.၁၀.၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိသည့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား** သတင်း၏ ဒုတိယကော်လံ တတိယပိုဒ် စာကြောင်းရေ ၁၂ ရှိ **“National Integration System”** စာသားအစား **“National Indentification System”**၊ တတိယကော်လံ ဒုတိယပိုဒ် ပထမစာကြောင်းရှိ **“National Integration System”** စာသားအစား **“National Indentification System”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ အသိပညာပေးအစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် UMFCCI ရုံးချုပ်၌ တွေ့ဆုံ၍ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ပြည်တွင်းထွက်ကုန်များ ပြည်တွင်းဈေးကွက်ကို ထိခိုက်မှုမရှိစေဘဲ ပြည်ပသို့ ပုံမှန်တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ရုံး၌ ကျင်းပသည့် စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ အသိပညာပေးအစီအစဉ်သို့ တက်ရောက်ပြီး စားသုံးသူကာကွယ်ရေး၊ ယှဉ်ပြိုင်မှုနှင့် မူပိုင်ခွင့်ဥပဒေစသည့် ဥပဒေ (၃) ရပ်သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သည့်နေရာ၌ အဓိကထောက်တိုင်ကြီးသုံးခုဖြစ်ကြောင်း၊ ဥပဒေများကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများအလိုက် ကော်မရှင်များနှင့် ဗဟိုကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဆိုပါဥပဒေ(၃)ရပ်ကို လိုက်နာဆောင်ရွက်ကြရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ရှောင်ကြဉ်ရမည့်ကိစ္စရပ်များကို သိရှိနားလည်နိုင်မည်ဖြစ်ပြီး ဥပဒေရရှိခံစားနိုင်သော အကျိုးရလဒ်များကို ရရှိခံစားနိုင်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**



ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး သက်ဆိုင်ရာဥပဒေများအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ခံအရာထမ်းများက ဆွေးနွေးဟောပြောကြသည်။

ထို့နောက် အသိပညာပေးအစီအစဉ်သို့ တက်ရောက်လာသည့် အစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ ပြည်ပသို့ တင်ပို့ရန် သန့်စင်ပြီးသံဖြူ (Tinconcentrate) ထုတ်လုပ်သည့် DS Myanmar Co.,Ltd ကုမ္ပဏီပိုင် သတ္တုသန့်စင်စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံမှထွက်ရှိသော နိုင်ငံတကာ အဆင့်မီပစ္စည်းများကို အလားအလာရှိသည့် နိုင်ငံတကာဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**
မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ သဘင်အစည်းအရုံးအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကန်တော့ခံ သက်ကြီးသဘင်ပညာရှင် အဘိုးအဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကား ပြောကြားပြီး ကန်တော့ခံ သဘင်ပညာရှင် အဘိုးအဘွားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းငွေနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) နာယက ဦးချမ်းသာ၊ ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ခံ သက်ကြီးသဘင်ပညာရှင် အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်က ဂါရဝပြုစကား ပြောကြား၍ သဘင်သက်ကြီးဘိုးဘွားများအား အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ကြပြီး ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ သဘင်သက်ကြီး ဘိုးဘွားများကိုယ်စား သဘင်ပညာရှင် အဘိုး ဦးအောင်တင်ဝင်းက ဆုတောင်းမေတ္တာစကား ပြောကြားသည်။ ယင်းနောက် သဘင်သက်ကြီး အဘိုးအဘွားများအား စိတ်ခွာတ်ခွန်အား ဖြည့်တင်းမှုအလှူအဖြစ် သဘင်မိသားစုများက ဆိုင်း၊ အက၊ အငြိမ့်၊ ဇာတ်တော်ကြီး၊ ဆက်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက် ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းလတ် (MNA)**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ရွာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**
ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဆေးရုံများ၊ ဆေးခန်းများနှင့် ဆေးရုံးဝင်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်း များ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းရယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းသင်တန်းဖွင့်

**မိုင်းရယ် အောက်တိုဘာ ၇**
မိုင်းရယ်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း သင်တန်းကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ချယ်ရီအောင်သင်းက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးများ ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းများ မှန်ကန်ရေးသည် လွန်စွာအရေးပါသဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကို ငါးနှစ်လျှင် တစ်ကြိမ် ကောက်ယူခြင်းဖြစ်ကြောင်း၊ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း စာရင်းဇယားများအား အတည်ပြုထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေတိုးပွားမှုဆိုင်ရာ တွက်ချက်မှုစံနှုန်းများအား သုံးသပ်ပြင်ဆင်နိုင်ရန် ရည်ရွယ်ကောက်ယူခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၅၆ ဦး တက်ရောက်သင်ကြားခဲ့ပြီး မိုင်းရယ်မြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို မြို့ပေါ်ရပ်ကွက်တစ်ခုအပါအဝင် ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာပေါင်း ၄၈ ရွာ၊ အိမ်ခြေ ၃၂၈၂ အိမ်တို့တွင် ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံရေးနည်းဖြင့်သာအဖြေရှာ... ပြိုင်တူတွန်းရင် ရွေ့ပါတယ်

မိုးကေနိုင်

လူ့အဖွဲ့အစည်းတစ်ခုမှာ မငြိမ်းချမ်းဘူးဆိုတဲ့အချက်ဟာ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ယုံကြည်မှုတစ်ခုခု၊ နားလည်မှုတစ်ခုခု အားနည်းနေကြလို့သာ ဖြစ်ပါတယ်။ ဆက်ဆံရေးရဲ့အစဟာ ယုံကြည်မှု၊ ပူးပေါင်းမှုရဲ့အစဟာ နားလည်မှုဆိုတာကို လေးလေးနက်နက်သိသူတွေကတော့ ပျက်စီးနေတဲ့ဆက်ဆံရေး၊ အေးစက်နေတဲ့ ပူးပေါင်းပါဝင်မှုကို မရရအောင် တည်ဆောက်ဖို့ဝန်မလေး၊ အမြဲအဆင်သင့် ရှိနေတတ်ကြတယ်။ ဒါကြောင့်ပဲ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများမှတစ်ဆင့် ငြိမ်းချမ်းရေးကို လိုချင်တဲ့အတွက် အတ္တတွေမာန်မာနတွေ ခဏဘေးဖယ်၊ တလွဲမတွေး၊ ပုဂ္ဂိုလ်စွဲ၊ အယူစွဲ၊ ဒေသစွဲတွေဘေးချိတ်၊ အများအတွက်ဆိုတဲ့ဦးတည်ချက်လေးထားပြီး ငြိမ်းချမ်းရေးလမ်းစဖော်ပေးရပြန်တယ်။

**❝ နိုင်ငံသမိုင်းမှာ အချိုးအကွေ့များလှတဲ့ အခြေအနေချည်းပဲ ရှိခဲ့တာမို့ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများပေးရမယ့်အချိန်လည်း ရောက်ပါပြီ။ လက်နက်တွေ ခဏဘေးချပြီး ရင်ထဲကလာတဲ့ တကယ့်စေတနာမေတ္တာမှန်နဲ့ စားပွဲဝိုင်းမှာ ခေါင်းချင်းဆိုင် အဖြေရှာရတော့မယ် အရွယ်တွေပါ။ စစ်ကို မလိုလားတဲ့ ပြည်သူတွေကို ငဲ့ကွက်ပြီး ကရုဏာတရား ပြသရတော့မယ့် အချိန်တွေပါ။ ကိုယ့်ဒေသက ပညာတော်၊ အစာငတ်နေတဲ့ သနားစရာအနာဂတ် မျိုးဆက်တွေကို ပြန်ကြည့်ရပါမယ် ❞**

## အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့ အလေးအနက်ထား

အားလုံးသိကြတဲ့အတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့ အလေးအနက်ထားကျင်းပသွားဖို့ရှိပါတယ်။ ဒီနေရာမှာ ယခင်နှစ်များနဲ့မတူ အတိအလင်းဖော်ပြသုံးနှုန်းသွားတဲ့ "အဓိပ္ပာယ်ရှိခြင်းနဲ့ အနှစ်သာရရှိခြင်း၊ အလေးအနက်ထားခြင်း" ဆိုသော စကားလုံးတွေကို သတိထားမိလိုက်တယ်။ သေချာအဓိပ္ပာယ်ဖော်ရင်တော့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားခေါင်းဆောင်အားလုံးကို ပါဝင်စေလိုတဲ့ဆန္ဒ၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့အတူ ထာဝရငြိမ်းချမ်းရေးဖြစ်စေရမယ်ဆိုတဲ့ ရည်မှန်းချက်၊ တရားမျှတခြင်း လွတ်လပ်ခြင်းနဲ့ သာတူညီမျှအခွင့်အရေးကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်စတဲ့မူတွေ၊ အယူအဆတွေ ပါဝင်နေလိမ့်မယ်လို့ ယူဆမိပါတယ်။

ဘာဖြစ်လို့ အလေးအနက်ထားကျင်းပရသလဲဆိုတော့ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်ရေးနဲ့ ပြည်သူအားလုံး လူမှုစီးပွားဘဝ ပုံမှန်တိုးတက်ဖြစ်ထွန်းဖို့အတွက် အရေးကြီးတဲ့အချိန်အခါကျရောက်နေလို့ပဲဖြစ်ပါတယ်။ ပြောရရင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်နေတဲ့ကြားက ယခုအထိ တည်ငြိမ်အေးချမ်းမှုကို မရရှိသေးတဲ့အတွက် ဖြစ်ပါတယ်။ နိုင်ငံရေးသဘောထားအမြင်တွေ၊ တိုင်းရင်းသားအရေး အယူအဆတွေ ကွဲပြားနေဆဲအခြေအနေမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ အဖြေရှာနိုင်ဖို့ အခွင့်အလမ်းတစ်ခုကို အမိအရဆုပ်ကိုင်နိုင်ကြဖို့ ဒီ NCA အခွင့်အရေးကို အလေးအနက်ထားနိုင်အောင် ရည်ရွယ်ပါတယ်။

ငြိမ်းချမ်းရေးခရီးလမ်းက ခက်ခဲကြမ်းတမ်းတယ်ဆိုပေမယ့် ယခုလာမယ့် (၈) နှစ်မြောက် NCA နှစ်ပတ်လည်အခင်းအကျင်းဟာ ငြိမ်းချမ်းရေးအိပ်မက်ခပ်သဲ့သဲ့ အရိပ်အယောင်လေးတစ်ခုအဖြစ် အပြုသဘောမြင်လာမိပါတယ်။ မငြိမ်းချမ်းခြင်းရဲ့အရသာကို ခါးသီးစွာခံစားနေရတဲ့ တိုင်းရင်းသားပြည်သူလူထုကြီးကတော့ လက်ရှိဒီအခင်းအကျင်းကို အမျှော်လင့်ကြီး မျှော်လင့်ကြမှာ သေချာပါတယ်။ အားလုံးမှာ ကြီးမားတဲ့ မျှော်လင့်ချက်တွေရှိပြီး ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်၊ ကိုယ့်ဒေသကိုယ့်လူမျိုးအရေး ကိုယ်စားပြုစေတနာထား ပညာဉာဏ်အမြော်အမြင်ရှိပြီး သဘောထားကြီးတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ကိုယ့်နိုင်ငံကိုယ့်အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ပေးမယ့် ခေါင်းဆောင်တွေ NCA မှာ ပါဝင်လာမယ်ဆိုရင် ထိုသို့ပါဝင်လာမှုဟာ အကောင်းမြင် မျှော်လင့်နေကြတဲ့ ပြည်သူအမြောက်အမြားရဲ့ ခံစားချက်တွေကို အမှန်တကယ် နားလည်မှုရှိတဲ့အတွက်ကြောင့်ဟု ယူဆပါတယ်။

## ယူတတ်ရင် အခွင့်အလမ်းကောင်းတစ်ခု

ယခုလက်ရှိအခြေအနေမှာ ကျီးလန့်စာစားဘဝနဲ့ ပြည်သူတွေရဲ့စိုးရိမ်ရေမှတ်က မြင့်တက်နေဆဲပါ။ သူတို့ရဲ့စိုးရိမ်သောကကို အပြန်အလှန်ယုံကြည်မှုက ပြေပျောက်စေနိုင်မလား၊ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ဖိအားတွေအောက်ရောက်နေတဲ့ တိုင်းရင်းသားတွေရဲ့ ဘဝကို ကယ်တင်ပေးနိုင်မလား ကြည့်ရပါမယ်။ အဓိကကယ်တင်ရှင်က လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်တွေ ဖြစ်နေလို့ပါပဲ။ သူတို့လက်ထဲမှာပဲ ရှိပါတယ်။ ငြိမ်းချမ်းရေးတံခါးကို တပ်မတော်ဘက်က ဖွင့်ပေးပြီးသားပါ။ ထာဝရငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ဖို့ NCA ပါ ပေးထားချက်တွေအတိုင်း အခိုင်အမာ ဆက်လျှောက်ဖို့ သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။ NCA ဟာ စတင်ဆွေးနွေးစဉ်က ပါဝင်ခဲ့တဲ့ တိုင်းရင်းသားအဖွဲ့တွေရဲ့ တောင်းဆိုချက်တွေနဲ့အညီ ပဏာမအများ သဘောတူညီမှုရယူထားတဲ့ ယန္တရားတစ်ခုဖြစ်တဲ့အတွက် နောက်ပြန်လှည့်ဖို့ အခြေအနေပေးမှာ မဟုတ်ပါဘူး။ ဖြစ်သင့်တာကို ဦးစားပေးရမယ့် အချိန်ရောက်နေတဲ့အတွက် သင်ခန်းစာယူသင့်တာယူပြီး အပြောထက် အလုပ်နဲ့သက်သေပြဖို့ပဲ ရှိပါတော့တယ်။

တစ်ဖက်ကို ဗီလိန်လုပ်အပြစ်ဖို့ အမြတ်ထုတ်ရမယ့် အခါလည်းမဟုတ်၊ ကိုယ့်မြန်မာနိုင်ငံသားအချင်းချင်း အထင်သေးပုတ်ခတ် စော်ကားနေရမယ့် အခြေအနေလည်းမဟုတ်၊ အနိုင့်ကျင့်ရန်လိုတိုက်ခိုက်နေရမယ့်သူများလည်း မဟုတ်ပါဘူး။ နိုင်ငံသမိုင်းမှာ အချိုးအကွေ့များလှတဲ့ အခြေအနေချည်းပဲရှိခဲ့တာမို့ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများပေးရမယ့်အချိန်လည်း ရောက်ပါပြီ။ လက်နက်တွေ ခဏဘေးချပြီး ရင်ထဲကလာတဲ့ တကယ့်စေတနာမေတ္တာမှန်နဲ့ စားပွဲဝိုင်းမှာ ခေါင်းချင်းဆိုင် အဖြေရှာရတော့မယ် အရွယ်တွေပါ။ စစ်ကိုမလိုလားတဲ့ ပြည်သူတွေကို ငဲ့ကွက်ပြီး ကရုဏာတရား ပြသရတော့မယ့် အချိန်တွေပါ။ ကိုယ့်ဒေသက ပညာငတ်၊ အစာငတ်နေတဲ့ သနားစရာအနာဂတ်မျိုးဆက်တွေကို ပြန်ကြည့်ရပါမယ်။ ငြိမ်းချမ်းပြီး တိုးတက်နေတဲ့ဒေသက ပြည်သူတွေကို ကြည့်ပြီး မုဒိတာပွားနိုင်အောင် ကြိုးစားသင့်ပါတယ်။

အနာဂတ်မျိုးဆက်တစ်ဆက်မက၊ နှစ်ဆက်မက အမုန်းတွေချန်ရစ်တဲ့ သမိုင်းတရားခံတွေမဖြစ်အောင် တာဝန်ယူ၊ တာဝန်ခံမှုတွေ ပြသရပါတော့မယ်။ နိုင်ငံတကာ သက်သေတွေရှေ့၊ ပြည်တွင်း partner သက်သေတွေရှေ့မှောက် အပြန်အလှန်ချုပ်ဆိုထားတဲ့ သဘောတူညီချက်တွေအတွက် ကတိတည်သူ၊ သစ္စာရှိသူများအဖြစ် ပြသကြရပါတော့မယ်။ ဘာပဲဖြစ်ဖြစ် အားလုံးဟာ ယူတတ်ရင် အခွင့်အလမ်းကောင်းတွေချည်းဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

## ငြိမ်းချမ်းရေးကို လိုချင်လွန်း၍

နိုင်ငံတော်ရဲ့ လက်ရှိပကတိလိုအပ်ချက်က အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးဆိုတာ ငြင်းလို့မရပါဘူး။ ဒါကြောင့်လည်း ဒီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ နိုင်ငံတော်ဘက်က တောက်လျှောက်ကြိုးပမ်းခဲ့ခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမျှော်လင့်ချက်နဲ့ အပစ်အခတ်ရပ်ပေးထားတာ ၅ နှစ်ရှိခဲ့တဲ့နောက်မှာ လွန်ခဲ့တဲ့ ၂၀၂၂ ခုနှစ်ကိုတော့ စိန်ရတုငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ နိုင်ငံအကြီးအကဲ ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တွေနဲ့ ကိုယ်တိုင်တွေ့မယ် ကမ်းလှမ်း၊ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးအဖြေရှာနေခြင်းက ငြိမ်းချမ်းရေးကို လိုချင်လွန်းလို့ဆိုတာ ထင်ရှားပါတယ်။

စစ်ပွဲတွေ၊ တိုက်ပွဲတွေဟာ အဖြေမဟုတ်တဲ့အတွက် တွေ့ဆုံညှိနှိုင်းရေးလမ်းကို အစဉ်တစိုက်ဖွင့်ထားခြင်းလည်း ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးအတွက်ဆိုရင် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဆွေးနွေးအဖြေရှာဖို့ နိုင်ငံတော်ဘက်က အမြဲအဆင်သင့်ပါ။ ယုံကြည်မှု၊ နားလည်မှုရှိလာရင် အပြန်အလှန်အသိအမှတ်ပြုနိုင်ဖို့နဲ့ လေးစားမှုပြုနိုင်ဖို့ဆိုတဲ့ အင်္ဂါရပ်တွေအတွက် အခက်အခဲမရှိနိုင်တော့ဘူးဆိုတဲ့အချက်ကို သဘောတူပါတယ်။ အေးအတူ၊ ပူအမျှနေထိုင်လိုပြီး တန်းတူရည်တူတန်ဖိုးထားတဲ့ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဟာ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးအပေါ်ထားတဲ့ ခံယူချက်ပါပဲ။ ဒီခံယူချက်နဲ့ပဲ ပြည်သူတွေကို ငြိမ်းချမ်းခြင်းရဲ့အရသာကိုပေးနိုင်ဖို့ တပ်မတော်က အပြင်းအထန်ကြိုးပမ်းနေခြင်း ဖြစ်တယ်ဆိုတာ လက်တွေ့လုပ်ရပ်များအရ ချိန်ထိုးကြည့်နိုင်ပါတယ်။

## ငါတို့နိုင်ငံ ငါတို့နိုင်ငံသား ငါတို့ဒေသအတွက်ဆိုတဲ့ စိတ်ဓာတ်ဖြင့်

နိုင်ငံတော်နဲ့ တပ်မတော်ဘက်ကချည်း အပြုသဘောဆောင် တာဝန်ယူနေရုံနဲ့ လက်တွေ့ကျပြီး တရားမျှတတဲ့ရလဒ်ကောင်းတွေဟာ ဘယ်တော့မှ ထွက်ပေါ်မလာနိုင်ပါဘူး။ ဒီအချက်ဟာကောင်းစွာသိရှိထားရမယ့်အချက်ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ အဖွဲ့များအားလုံးမှာ တာဝန်သိစိတ်နဲ့ တာဝန်ရှိကြပါတယ်။ ငါတို့နေတဲ့ ငါတို့နိုင်ငံအချုပ်အခြာအတွက် ငါတို့မှာ တာဝန်ရှိတယ်၊ တို့ဟာ တို့နိုင်ငံသား၊ တို့တိုင်းရင်းသားတွေနဲ့ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ သဘောထားတွေပြသနိုင်မှသာ ငြိမ်းချမ်းရေးခရီးက ချောမွေ့မှာဖြစ်ပါတယ်။ **"တန်းတူညီမျှမှု" "တရားမျှတမှု" "လူနည်းစုအခွင့်အရေး"** စတဲ့ စကားလုံးတွေကို လက်တွေ့ခံစားချင်ရင် ပူးပေါင်းပါ၊ ပါဝင်ပါ၊ လက်တွေ့ အကောင်အထည်ဖော်ကြရအောင်ပါလို့ တောင်းဆိုချင်ပါတယ်။



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ၂၉-၈-၂၀၂၃ ရက်က နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပစဉ်။

ထိုစကားလုံးတွေရဲ့အနှစ်သာရဟာ ဖက်ဒရယ်ဆိုတဲ့ အခြေခံအချက်မှာ ပါဝင်ပြီး ဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ပေးကြပါလို့ ဖိတ်ခေါ်နေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလမ်းပြမြေပုံမှာ ဖက်ဒရယ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ခွဲခြားဆက်ဆံခြင်း သဘောတရားတွေမပါပါဘူး။ အတူတကွ ပူးပေါင်းကြိုးစား၊ ရလာတဲ့အသီးအပွင့်တွေကို အတူတူမျှဝေခံစားကြဖို့သာပါပဲ။ တိုင်းရင်းသား လူမျိုးအသီးသီးကြား ခွဲခြားဆက်ဆံခြင်းမရှိ၊ တန်းတူညီမျှမှုနဲ့ ဒေသတိုင်းမှာ နေထိုင်ကြတဲ့ လူနည်းစုနဲ့ လူများစုအားလုံးကို တန်းတူအကာအကွယ်ပေးချင်တဲ့အတွက် လူမျိုးကိုအခြေမခံ၊ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်ကိုရအောင် လုပ်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ပကတိအခြေအနေတွေနဲ့စပ်ဟပ်ပြီး လက်တွေ့ကျကျ အားလုံးလက်ခံနိုင်မယ့်

*စာမျက်နှာ ၁၁ သို့*

မြန်မာ့အလင်း



## ရွှေဘိုခရိုင်၌ မြေပဲလုံးဆန် အနီနှင့် အဖြူများ အရောင်းအဝယ်ဖြစ်



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မြေပဲလုံးဆန် (နီ၊ဖြူ) များ စက်တင်ဘာလ (တတိယပတ်) မှစတင်၍ ဝင်ရောက်ခဲ့ပြီး စက်တင်ဘာလ (နောက်ဆုံးပတ်)တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ မြေပဲလုံးဆန်(နီ)တစ်တင်းလျှင် ကျပ် ၁၀၈၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တင်း ၇၅၀ (တန်အားဖြင့် ၁၇ တန်)၊ မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ကျပ် ၁၀၈၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တင်း ၄၂၀၀ (တန်အားဖြင့် ၉၆ တန်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ (တတိယပတ်) နှင့် စက်တင်ဘာလ (နောက်ဆုံးပတ်) အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက စက်တင်ဘာလ (တတိယပတ်) တွင် မြေပဲလုံးဆန် (နီ)တစ်တင်းလျှင် ကျပ် ၁၁၂၀၀၀ နှင့် မြေပဲလုံးဆန် (ဖြူ) တစ်တင်းလျှင် ကျပ် ၁၀၇၂၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## မြင်းခြံခရိုင်၌ စက်တင်ဘာနောက်ဆုံးပတ်တွင် ကြက်သွန်နီ ဈေးကွက်ဝင်ရောက်မှုလျော့ကျ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးထွက်ရှိသော ကျေးရွာများမှ မြင်းခြံဈေးကွက်သို့ ကြက်သွန်နီကုန်ချိန်ဝင်ရောက်မှုအနေဖြင့် စက်တင်ဘာလ (တတိယပတ်) တွင် ပျမ်းမျှပိဿာချိန် ၇၅၀၀၀ ကျော်ရှိရာမှ စက်တင်ဘာလ (နောက်ဆုံးပတ်) တွင် ပျမ်းမျှပိဿာချိန် ၆၀၀၀၀ ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ စက်တင်ဘာလ (နောက်ဆုံးပတ်) တွင် မိုးရွာသွန်းမှုများကြောင့် ယခင်တစ်ပတ်ထက် ပိဿာချိန် ၁၅၀၀၀ ကျော် လျော့နည်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းများအနေဖြင့် စက်တင်ဘာလ (တတိယပတ်) တွင် ကြက်သွန်နီ (အကြီး) တစ်ပိဿာလျှင် ကျပ် ၂၆၀၀-၂၈၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၄၀၀-၂၅၀၀၊ အသေးစ တစ်ပိဿာလျှင် ကျပ် ၂၁၀၀-၂၂၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး စက်တင်ဘာလ (နောက်ဆုံးပတ်) တွင် ကြက်သွန်နီ (အကြီး) တစ်ပိဿာလျှင် ကျပ် ၂၇၀၀-၂၈၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၄၀၀-၂၅၀၀၊ အသေးစ တစ်ပိဿာလျှင် ကျပ် ၂၂၀၀-၂၃၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကြက်သွန်နီတင်ပို့မှုအနေဖြင့် မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မူဆယ်နှင့် မော်လမြိုင်မြို့တို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**



## ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးဆေး ဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ခရိုင်တစ်ခုဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအသုံးပြုရသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိသည်။

ရွှေဘိုမြို့၌ ရောင်းချလျက်ရှိသော ဓာတ်မြေဩဇာဈေးနှုန်းများမှာ စက်တင်ဘာ တတိယပတ်တွင် အာမို၊ ကျွဲနက်တံဆိပ် (၁၅:၁၅:၁၅) ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၁၅၆၀၀၀၊ MC တံဆိပ် (၁၅:၁၅:၁၅) ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဓာမဏီတံဆိပ် (၁၃:၅:၇) ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ အာမို၊ ပုလဲတံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၈၃၀၀၀၊ ပန်းဖူးတံဆိပ် ဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ နှုန်း ဖြစ်သည်။

ပိုးသတ်ဆေး ဈေးနှုန်းများမှာ ရှောင်လင်တံဆိပ် ထိသေ/စားသေ(အဆိပ်ငွေ့) တစ်လီတာ တစ်ဘူးလျှင် ကျပ် ၁၅၅၀၊ ဒီမွန် 1.8 တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့) ၅၀၀ စီစီ တစ်ဘူးလျှင် ကျပ် ၁၂၅၀၀၊ ငှက်ကြီးတောင်တံဆိပ် ထိသေ/စားသေ (အဆိပ်ငွေ့) ၂၅၀ စီစီ တစ်ဘူးလျှင် ကျပ် ၂၈၅၀၀၊ ဖိုင်ကလုံးတံဆိပ် ပင်လုံးပြန့် တစ်လီတာ တစ်ဘူးလျှင် ကျပ် ၂၉၅၀၀၊ အင်ဖာနိုတံဆိပ် ပင်လုံးပြန့် ၅၀၀ ဂရမ် တစ်ဘူးလျှင် ကျပ် ၉၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ခြောက်လအတွင်း ဒေါ်လာ ၈၃ သန်းကျော် ပြည်ပကုန်သွယ်မှုဆောင်ရွက်နိုင်

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလအထိ ပို့ကုန် ကန်ဒေါ်လာ ၃၁ ဒသမ ၁၇၅ သန်း သွင်းကုန် ကန်ဒေါ်လာ ၅၁ ဒသမ ၈၇၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈၃ ဒသမ ၀၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

၃-၁၀-၂၀၂၃ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် အလူမီနီယမ်ဖြတ်စ ၆ တန်နှင့် ကတ်ထူစက္ကူဖြတ်စ ၃၆ တန် တင်ပို့နိုင်ခဲ့သည်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စက်တင်ဘာလအထိတွင် လျာထားချက်အပေါ် ၁၁၀ ဒသမ ၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ၃-၁၀-၂၀၂၃ ရက်တွင် သွင်းကုန် ၀ ဒသမ ၃၃၄ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့ပြီး ဘိလပ်မြေ တန် ၄၄၀ (တန်ဖိုး ၀ ဒသမ ၀၃၆ ဒေါ်လာသန်း)၊ Brand New Excavator သုံးခု၊ မီးခံအုတ် တန် ၄၀၊ စားသောက်ကုန် (Chocolate Flavoured Ice Confection) ၁ ဒသမ ၇၁၃ တန် တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံသုံး ဘတ်ငွေလဲနှုန်းမှာ ၃-၁၀-၂၀၂၃ ရက်တွင် ကျပ်တစ်သိန်းလျှင် ၁၀၉၅ ဘတ်ဖြစ်သည်။ **DOT (တာချီလိတ်)**

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ကွမ်းရွက်ဈေး ပုံမှန်သာရရှိသော်လည်း တစ်နိုင်တစ်ပိုင် ကွမ်းစိုက်တောင်သူများအတွက်အဆင်ပြေ

**သုဝဏ္ဏဝတီမြို့ အောက်တိုဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင် ကျေးရွာများတွင် ကွမ်းစိုက်တောင်သူများ၏ ကွမ်းစိုက်ပျိုးမှု နည်းပါးလာသောကြောင့်လည်းကောင်း၊ ယခုအချိန်တွင် ကွမ်းခြံများ ပျက်စီးမှုနည်းပါးပြီး ကွမ်းရွက်ထွက်ရှိမှု ကောင်းမွန်သောကြောင့်လည်းကောင်း ကွမ်းရွက်ဈေးနှုန်းသည် ပုံမှန်သာရရှိသော်လည်း မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိကြောင်း သိရသည်။

"ကွမ်းတစ်ထုပ် ၅၀ ကျပ်သား၊ နှစ်ထုပ်(တစ်ပိဿာ)ကို ကျပ် ၄၀၀၀ ခန့် ရပါတယ်။ ကွမ်းတိုင် ၅၀၀ ပဲ စိုက်ပျိုးထားတာပါ။ ဒီတစ်ကြိမ်စိုက်ထားတာ ငါးနှစ်ခန့် ရှိပါပြီ။ ၁၄ ရက် (တစ်ပတ်) တစ်ခါခူးရင် အချိန် ပိဿာ ၄၀ ကျော် ရရှိပါတယ်။ အဓိက မြေဩဇာအဖြစ် သဘာဝနွားချေးကိုပဲ အသုံးပြုတဲ့အတွက် ကွမ်းပင်အသေအပျောက်နည်းတဲ့အပြင် တာရှည်ခံတဲ့အတွက် လူတိုင်းကြိုက်ကြပါတယ်။ ကွမ်းရွက်ဒိုင်တွေက အိမ်မှာလာပြီးဝယ်ကြလို့ မိသားစုအတွက်တော့ အဆင်ပြေပါတယ်" ဟု သထုံမြို့နယ် ဝင်းပကျေးရွာမှ မိရိုးဖလာ တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးသူ ဒေါ်ရင်ရွှေက ပြောသည်။



"ကွမ်းဒိုင်တွေက များလာတယ်။ စိုက်တဲ့သူက စိုက်ပျိုး၊ ကုန်ကျစရိတ်များလာတဲ့အတွက် ကွမ်းခြံတွေ နည်းလာပါတယ်။ အခုလအတွင်းမှာ ကွမ်းဈေးက ငြိမ်နေတယ်။ ဒေသကွမ်းရရှိမှုနည်းလာတဲ့အတွက် မြင်းခြံ၊ မန္တလေးဘက်က ကွမ်းတွေကို တစ်ပိဿာ ကျပ် ၅၀၀၀ နဲ့ ကျပ် ၆၀၀၀ ကြား မှာယူနေရတယ်။ ဒိုင်အနေနဲ့ကတော့ အဆင်ပြေတာလည်းရှိ၊ မပြေတာလည်း ရှိပါတယ်။ ကွမ်းပျက်စီးမှု ရှိ၊ မရှိနဲ့ ရောင်းဝယ်မှုက ကွမ်းဈေး အတက်၊ အကျအပေါ် မူတည်ပါတယ်" ဟု ကျိုက္ကော်(သုဝဏ္ဏဝတီမြို့)မှ ကွမ်းဒိုင်တစ်ဦးဖြစ်သူ ဦးသိန်းထွေးက ပြောသည်။

သထုံမြို့နယ်အတွင်း ကွမ်းစိုက်တောင်သူများသည် မြေငှားရမ်းခ၊ စိုက်ပျိုးရာတွင် လိုအပ်သော အထွေထွေကုန်ကျစရိတ်၊ အလုပ်သမားရရှိမှုအပေါ်မူတည်ပြီး ကွမ်းစိုက်ပျိုးကြရာတွင် ငွေကြေးဆုံးရှုံးမှုများမရှိသော်လည်း အမြတ်အစွန်းများစွာမရရှိ၍ မိသားစုစားဝတ်နေရေးအတွက်သာ မှီခိုအားထားရကြောင်း မိရိုးဖလာ ကွမ်းစိုက်ပျိုးခြင်းအား မိသားစုအလိုက် ကွမ်းစိုက်ပျိုး၍ ကွမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူ သင်းထော်ကျေးရွာမှ ဦးဝင်းဇော်ဦးက ပြောသည်။ ဒေသအတွင်း ကွမ်းကို ဒေသခံပြည်သူများက အများဆုံးစားသုံးကြပြီး မန္တလေးမြို့ဘက်က ကွမ်းကိုတော့ ခရီးသွားပြည်သူများနှင့် ကားသမားများကို အဓိကထားရောင်းချရကြောင်း၊ ကွမ်းရွက်ဈေး ထပ်မံမြင့်တက်လာနိုင်ကြောင်း ကွမ်းယာရောင်းချသူများက ပြောသည်။ **ခွန်(ဝင်းပ)**

## စစ်ကိုင်းခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်း

**စစ်ကိုင်း အောက်တိုဘာ ၇**

စစ်ကိုင်းခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်း ဖွဲ့စည်းခြင်း အခမ်းအနားကို စစ်ကိုင်းမြို့ရှိ ခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်က စစ်ကိုင်းခရိုင်အတွင်း ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းကြီးဖြစ်ပေါ်လာအောင် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အမှုဆောင်များ ရွေးချယ်သည့်အခါတွင်လည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်သွားကြရန်၊ အသင်းကြီးဖြစ်ပေါ်လာလျှင် အမှုဆောင်အဖွဲ့များက စည်းလုံးညီညွတ်စွာဖြင့် မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်ပြီး စားသုံးဆီများ ရရှိအောင်၊ သတ်မှတ် ဈေးနှုန်းများဖြင့် ပြည်သူ့လက်ဝယ် အရောက်ဖြန့်ဖြူး ရောင်းချနိုင်အောင် ဆက်လက် ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်သန်းသန်းတင်က အသင်းဖွဲ့စည်းရာတွင် အလုပ်အမှုဆောင် ရွေးချယ်ရန်နည်းလမ်းများနှင့် စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများကို အသေးစိတ် ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိမြို့နယ်များမှ ဆီလုပ်ငန်းရှင်ကြီးများ တက်ရောက်ခဲ့ကြသည်။

**ဇော်မြင့်နိုင်**

## အာဖဂန်နစ္စတန် အနောက်ပိုင်းတွင် ငလျင်လှုပ်မှုကြောင့် ၁၅ ဦးထက်မနည်း သေဆုံး၊ လူ ၄၀ ကျော် ဒဏ်ရာရရှိ

**ဟီရတ် အောက်တိုဘာ ၇**

အာဖဂန်နစ္စတန် အနောက်ပိုင်း ဟီရတ်မြို့တွင် အောက်တိုဘာ ၇ ရက်က ငလျင်လှုပ်ပြီးနောက် ၁၅ဦး ထက်မနည်း သေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် အစိုးရပြောရေးဆိုခွင့်ရှိသူ နီဆာ အာမတ်အယ်လရာ့စ်က ပြောသည်။



ဖြစ်စဉ်အတွင်း ဒဏ်ရာရသူများကို ဟီရတ်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ဆေးရုံ သတင်းရင်းမြစ်များက ပြောသည်။ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ဟီရတ်၊ ဘက်ဒ်ဂျစ်၊ ဖာရာ့တ်ပြည်နယ်များနှင့် ဆက်စပ်နေရာများတွင် ငလျင်တစ်ခု လှုပ်ခဲ့ပြီး အဆောက်အအုံများနှင့် ဈေးဆိုင်အများအပြား ပျက်စီးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ဟီရတ် ပြည်နယ်တွင် နောက်ဆက်တွဲ ငလျင်ရှစ်ကြိမ်ထက်မနည်းလည်း ထပ်မံလှုပ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ **ဆင်ဟွာ**

## အာရှအားကစားပြိုင်ပွဲ လက်မှတ်ရောင်းရငွေ ယွမ် သန်း ၆၁၀ ကျော်ရရှိ

**ဟန်ကျိုး အောက်တိုဘာ ၇**

ဟန်ကျိုး အာရှအားကစားပြိုင်ပွဲအတွက် လက်မှတ်ပေါင်း ၃ ဒသမ ၀၅ သန်းကျော် ရောင်းချခဲ့ရပြီး ဝင်ငွေ ယွမ်သန်း ၆၁၀ ကျော် (အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၅ သန်း) ရရှိကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီအကြီးအကဲ မော်ကျန်ဟုန်းက အောက်တိုဘာ ၇ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့**

ဟန်ကျိုး အာရှအားကစားပြိုင်ပွဲကြီးသည် အောက်တိုဘာ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး လုပ်ငန်းများစည်းစနစ်တကျဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း မော်က ပြောကြားသည်။

**ဆင်ဟွာ**

## အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှု ပါလက်စတိုင်း ၁၉၈ ဦးထက်မနည်း သေဆုံး

**ဂါဇာ အောက်တိုဘာ ၇**

ဂါဇာကမ်းမြောင်ဒေသမှနေ၍ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၇ ရက်တွင် ပြောသည်။

အစ္စရေးတို့၏ အားလပ်ရက် နံနက် ၇ နာရီတွင် ရုတ်တရက်တိုက်ခိုက်ခံရခြင်းဖြစ်ပြီး အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှ စတင်ကာ ဟားမားစ်တို့၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အစ္စရေး ၁၀၀ ကျော် သေဆုံးကာ ၉၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အစ္စရေးတို့ ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရပြီး နှစ်နာရီအကြာတွင် ဂါဇာကမ်းမြောင်ဒေသကိုပစ်မှတ်ထားကာ အစ္စရေးလေတပ်မှ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၉၈ ဦးထက်မနည်း သေဆုံးကာ ၁၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ကျန်းမာရေးဆိုင်ရာ သတင်းရင်းမြစ်များက အောက်တိုဘာ ၇ ရက်တွင် ပြောသည်။

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသည့် ဟားမားစ်အဖွဲ့မှာ တိုက်ခိုက်မှုနောက်ကွယ်တွင်ရှိပြီး ပါလက်စတိုင်းတို့၏လှုပ်ရှားမှုအတွက် ပြန်လည်ပေးဆပ်ရမည်ဟုလည်း အစ္စရေးတပ်ဖွဲ့က ကြေညာခဲ့သည်။ ဟားမားစ်ခေါင်းဆောင် တစ်ဦးဖြစ်သည့် မိုဟာမက် အယ်ဒီအစ်ဖ် က စစ်ဆင်ရေး၏အစပင်ဖြစ်သည်ဟု အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ကြေညာခဲ့သည်။

မကြာသေးမီ သီတင်းပတ်များအတွင်း နယ်စပ်တွင် ဆန့်ကျင်ဆန္ဒပြမှုများပေါ်ပေါက်ခဲ့ပြီး တာယာများကိုမီးရှို့ခြင်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို အစ္စရေးတပ်ဖွဲ့ဝင်များထံ ပစ်ပေါက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ **ဆင်ဟွာ**



ဂါဇာဒေသမှ ပစ်လွှတ်လိုက်သည့်ဒုံးကျည် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ထိမှန်မှုကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။




## တောက်ပသော အလင်းရောင်ထွက်သည့် ကုန်းခရုမျိုးစိတ် ငါးမျိုး ဂျပန်နှင့် ထိုင်းသုတေသီအဖွဲ့တစ်ဖွဲ့ တွေ့ရှိ

**တိုကျို အောက်တိုဘာ ၇**

ဂျပန်နှင့် ထိုင်းသုတေသီအဖွဲ့တစ်ဖွဲ့သည် တောက်ပသော အလင်းရောင်ထွက်သည့် ကုန်းနေ ခရုမျိုးစိတ် ငါးမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုကဲ့သို့ တွေ့ရှိမှုမှာ နှစ်ပေါင်း ၈၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

အအိချိစီရင်စု ချူးဘူတက္ကသိုလ် ပတ်ဝန်းကျင်ဆိုင်ရာ ဇီဝဗေဒဌာနမှ ပါမောက္ခ အိုဘာယူအိချီနှင့် ထိုင်းနိုင်ငံရှိ တက္ကသိုလ်တစ်ခုမှ သုတေသီတို့သည် ၎င်းတို့၏ ပူးတွဲလေ့လာတွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် လူသိများသော ကုန်းခရုမျိုးစိတ်ပေါင်း ၃၀၀၀၀ ခန့်ရှိကြောင်း အဆိုပါ အဖွဲ့က ပြောသည်။ သို့သော်လည်း ၁၉၄၃ ခုနှစ်က စင်ကာပူနိုင်ငံ၌ တွေ့ရှိခဲ့သော မျိုးစိတ်တစ်မျိုးတည်းကိုသာ တောက်ပသော အလင်းရောင်ထွက်သည့်မျိုးစိတ်အဖြစ် ယခင်ကသိရှိခဲ့ကြသည်။

သုတေသီများသည် ထိုင်းနိုင်ငံတွင် စုစည်းထားသော ကုန်းခရုများကို လေ့လာခဲ့ရာ အလင်းရောင်ထွက်သည့် မျိုးစိတ်ငါးမျိုးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့ထဲမှ မျိုးစိတ်လေးမျိုးက Phuphania မျိုးနွယ်ဝင်ဖြစ်ပြီး စိမ်းဖန့်ဖန့်အရောင်များကို အဆက်မပြတ်ထုတ်လွှတ်သည်ဟု ဆိုသည်။ ထို့ပြင် Quantula striata မျိုးစိတ်တစ်ခုက လှုပ်ရှားသွားလာနေစဉ်အတွင်း ၎င်းပါးစပ်အနားတစ်ဝိုက်မှ မှိတ်တုတ်မှိတ်တုတ် စိမ်းဖန့်ဖန့်အရောင်များကို ထုတ်လွှတ်သည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## အမေဇုံက အင်တာနက်ကွန်ရက် တည်ထောင်ရန် စမ်းသပ်ဂြိုဟ်တု လွှတ်တင်

**ဖလော်ရီဒါ အောက်တိုဘာ ၇**



အမေရိကန်နည်းပညာကုမ္ပဏီကြီးဖြစ်သည့် အမေဇုံသည် လာမည့်နှစ်ကုန်ပိုင်းတွင် အင်တာနက်ဝန်ဆောင်မှုကို ထောက်ပံ့ပေးရန် ရည်ရွယ်ချက်ဖြင့် စမ်းသပ်ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ခဲ့သည်။ ဂြိုဟ်တုများကို တင်ဆောင်လာသည့် ဒုံးပျံကို အမေရိကန် တောင်ပိုင်းပြည်နယ် ဖလော်ရီဒါမှ အောက်တိုဘာ ၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ အင်တာနက်လွှမ်းခြုံမှုနှင့် ဆက်သွယ်မှုကွန်ရက် တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ထားသည့်အမေဇုံကုမ္ပဏီ၏ စီမံကိန်းတစ်ခုလည်းဖြစ်သည်။

၂၀၂၉ ခုနှစ်အရောက်တွင် ကမ္ဘာမှ ၆၀၀ ကီလိုမီတာခန့်အကွာရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဂြိုဟ်တု အလုံးရေ ၃၂၀၀ ဝန်းကျင်ထားရှိရန် အမေဇုံမှ စီစဉ်ထားသည်။ အီလွန်မက်စ်၏ Space X ကုမ္ပဏီသည် မြန်နှုန်းမြင့်သည့်အင်တာနက်ကွန်ရက်ရှိပြီး ဂြိုဟ်တုအလုံးရေ ၅၀၀၀ ကျော်ကို လွှတ်တင်ထားပြီးဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ Eutelsat အုပ်စုသည်လည်း ဂြိုဟ်တုအလုံးရေ ၆၀၀ ကျော်ကို လွှတ်တင်ထားပြီးဖြစ်သည်။ အမေဇုံ၏ အင်တာနက်ကြိုးပမ်းမှုသည် ပြိုင်ဆိုင်မှုပြင်းထန်မည်ဟု မျှော်လင့်ရသည်။ **အင်န်အိတ်ချ်ကေ**

## ယခုနှစ် ပထမကိုးလအတွင်း ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ကမ္ဘောဒီးယား ရရှိ

**ဖနောင်ပင် အောက်တိုဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၄၅၆၅၈၁ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ရှာဖွေနိုင်ခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါး အသင်းချုပ် (စီအာရ်အက်ဖ်)က ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၇ ခုသို့ ဆန်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သောကြာနေ့က သတင်းထုတ်ပြန်ချက်အရ သိရသည်။ တရုတ်နိုင်ငံသည် ထိပ်တန်းဝယ်ယူသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် အဆိုပါ ကာလအတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၅၃၆၆ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၆ သန်း ရရှိခဲ့သည်။ စီအာရ်အက်ဖ်ဥက္ကဋ္ဌဖြစ်သူ ချန်ဆော့ခ်ဟောင်းက ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၇၀၀၀၀၀ တင်ပို့နိုင်ရေး ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

သတင်းထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံမှ ပြည်ပသို့ တင်ပို့သောဆန်များတွင် ဆန်မွှေး၊ အော်ဂဲနစ်ဆန်၊ ဆန်ဖြူပေါင်းဆန်နှင့် ဂျပန်ဆန်တို့ ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆေးလိပ်မီးခိုးငွေ့ကင်းစင်တဲ့ မျိုးဆက်အဖြစ် စံနမူနာပြဖန်တီးနိုင်ဖို့ကြိုးပမ်းနေတဲ့ဗြိတိန်

နှင်းမိုးအိမ်

ဗြိတိန်ဝန်ကြီးချုပ်ရစ်ရှိဆူနက်ကတော့ ဆေးလိပ်သောက်နိုင်တဲ့ အသက်အရွယ်ကို နှစ်စဉ်နှစ်တိုင်းလိုလို တိုးတိုးထားပါတယ်။

ဒါကြောင့် ၂၀၀၈ နောက်ပိုင်းမှာ မွေးတဲ့ ကလေးတွေဆိုရင် ၎င်းတို့အရွယ်မရောက်မချင်း ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းတွေကို တရားဝင် ဝယ်ယူနိုင်မှာမဟုတ်သေးပါဘူး။

### ဆေးလိပ်မီးခိုးငွေ့ကင်းစင်တဲ့ မျိုးဆက်

ဆေးလိပ်မီးခိုးငွေ့ ကင်းစင်တဲ့ မျိုးဆက်အဖြစ် ဗြိတိန်မှ စံနမူနာအဖြစ် ဖန်တီးဖို့ အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့တဲ့ ကွန်ဆာဗေးတစ်ပါတီညီလာခံမှာ ဗြိတိန်ဝန်ကြီးချုပ်က သူ့ရဲ့ အတွေးအခေါ်ကို ဖော်ပြခဲ့တာပဲဖြစ်ပါတယ်။

"ဆေးလိပ် သောက်ခြင်းကြောင့် အရွယ်မတိုင်မီ သေဆုံးခြင်းကိုလည်း တားဆီးနိုင်မှာဖြစ်ပြီး ယခုမူဝါဒအရဆိုရင် အသက် ၁၄နှစ်အရွယ် ကလေးတစ်ယောက်ကို ဆေးလိပ်ရောင်းချခွင့်ရှိမှာမဟုတ်ပါဘူး" လို့ ပရိသတ်များရှေ့မှာ ဆူနက်က ယခုလိုပြောကြားခဲ့ပါတယ်။

လက်ရှိ အချိန်မှာတော့ ဗြိတိန်နိုင်ငံမှာအသက် ၁၈ နှစ်ပြည့်ပြီးမှသာ ဆေးလိပ်ဝယ်ယူခွင့်ရရှိပါတယ်။

### ရာသက်ပန်ပိတ်ပင်ဖို့စဉ်းစားနေ

အခုလို အဆိုတင်သွင်းခြင်းဟာ ဆေးရွက်ကြီးနဲ့ ဆေးရွက်ကြီးအစားထိုး သောက်သုံးမှုတွေကို တစ်ကမ္ဘာလုံးဆိုင်ရာ နှိမ်နင်းမှုအသစ်တစ်ခုလို့လည်း ပြောလို့ရပါတယ်။

နယူးဇီလန်နိုင်ငံမှာတော့ ပြီးခဲ့တဲ့ နှစ်အတွင်းက ၂၀၀၈ ခုနှစ် နောက်ပိုင်း မွေးဖွားတဲ့ ကလေးတွေကို ဆေးလိပ်ရောင်းချမှုပိတ်ပင်တဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့ပေမယ့် အခုထိတော့ အသက်မဝင်သေးပါဘူး။

ဩစတြေးလျနိုင်ငံဟာလည်း ဆေးလိပ်အစားထိုး နီကိုတင်းမပါတဲ့ ထုတ်ကုန်တွေရောင်းချမှုကို နှိမ်နင်းဖို့ အစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။

အလားတူ ဟောင်ကောင်မှာ ဆိုရင်လည်း အနာဂတ်မျိုးဆက်သစ် လူငယ်တွေအတွက် ဆေးရွက်ကြီးကို ရာသက်ပန် ပိတ်ပင်သွားဖို့ စဉ်းစားနေတယ်လို့သိရပါတယ်။

### လုံးဝရပ်တန့်လိုက်နိုင်မယ်

အမေရိကန် ပြည်ထောင်စုမှာဆိုရင် ယခုနှစ်အတွင်း အီး-စီးကရက် ထုတ်ကုန်ပေါင်း ၆၅၀၀ ကို အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက ပိတ်ပင်ထားပါတယ်။

၂၀၂၀ ပြည့်နှစ်မှာဆိုရင် ဆယ်စုနှစ်နှစ်စုစာအတွင်း ဆေးရွက်ကြီးကုန်ပစ္စည်းရောင်းချရမှု တိုးလာတဲ့အတွက် menthol စီးကရက် ရောင်းချရမှုကို တားမြစ်ဖို့ အဂျင်စီကနေကြေညာခဲ့ပါတယ်။

ဥပဒေသစ်ကို ပါလီမန်ကသာ ထောက်ခံမယ်ဆိုရင် ၂၀၄၀ ပြည့်နှစ်အရောက်မှာတော့ လူငယ်တွေကြား ဆေးလိပ်သောက်မှုကို လုံးဝရပ်တန့်လိုက်နိုင်မယ်လို့ ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောပါတယ်။

### ဆေးလိပ်ကြောင့်လူပေါင်း ၆၄၀၀၀ သေဆုံး

အင်္ဂလန်မှာဆိုရင် နှစ်စဉ်နှစ်တိုင်း ဆေးလိပ်ကြောင့် လူပေါင်း ၆၄၀၀၀ သေဆုံးပါတယ်။ ဆေးလိပ်ကြောင့် ကုန်ကျရတဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စရိတ်၊ အရွယ်မတိုင်မီ သေဆုံးမှုတွေကြောင့် ခန့်မှန်းခြေအားဖြင့် နှစ်စဉ် ၂၀ ဒသမ ၇ ဘီလီယံကုန်ကျတယ်လို့ အစိုးရက ပြောပါတယ်။

အခု မူဝါဒဟာဆိုရင် အဆင့်ဆင့်ချဉ်းကပ် ပြောင်းလဲသွားမှာဖြစ်ပြီး လက်ရှိ ဆေးလိပ်သောက်သုံးနေတဲ့သူတွေကို ရာဇဝတ်မှုကျူးလွန်သူလို ဆက်ဆံသွားမှာမဟုတ်ဘူးလို့ ဗြိတိန်အစိုးရအဖွဲ့က ပြောပါတယ်။



### နောက်ထပ်ကန့်သတ်မှုတွေ ပြုလုပ်ဖို့မျှော်လင့်ထား

လက်ရှိ ဆေးလိပ်သောက်နေတဲ့ သူတွေရဲ့ အခွင့်အရေးကို ရုတ်တရက်ဆွဲယူလိုက်ခြင်းဟာ မျှတတဲ့ လုပ်ရပ်မဟုတ်ဘူးလို့ ဗြိတိန်ဝန်ကြီးချုပ်က ပြောပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်တို့ အပါအဝင်လက်ရှိ ဆေးလိပ်သောက်နေတဲ့ လူတွေတောင်မှ သူတို့ရဲ့ကလေးတွေကို ဆေးလိပ်သောက်သုံးသူတွေအဖြစ် ကြီးပြင်းလာကြမှာကို လိုလားမှာမဟုတ်ဘူးလို့ ၎င်းက ဆက်ပြောပါတယ်။

ကလေးငယ်များ ဆေးလိပ် ထုတ်ကုန်တွေကို မစွဲလမ်းစေဖို့အတွက် ဆေးလိပ်တု ထုတ်ကုန်တွေအပေါ် နောက်ထပ်ကန့်သတ်မှုတွေ ပြုလုပ်သွားဖို့မျှော်လင့်ထားတယ်လို့ အစိုးရအရာရှိများက ပြောပါတယ်။

### မလိုလားအပ်တဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်

ဗြိတိန်ဝန်ကြီးချုပ်ရဲ့ မူဝါဒဟာ အင်္ဂလန်မှာပဲ အသုံးပြုသွားမှာဖြစ်ပြီး ဗြိတိန်ရဲ့အခြားသောအစိတ်အပိုင်းတွေဖြစ်ကြတဲ့ မြောက်အိုင်ယာလန်၊ စကော့တလန်နဲ့ ဝေလနယ်တွေမှာတော့ ၎င်းတို့ရဲ့ ကိုယ်ပိုင်ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတိုင်းပဲ ဆက်သွားမှာဖြစ်ပါတယ်။

ဆူနက်ရဲ့ မှတ်ချက်တွေကြောင့် ဆေးရွက်ကြီး ထုတ်လုပ်သူတွေဆီက တုံ့ပြန်မှုတွေ ထွက်ပေါ်လာပါတယ်။ Davidoff နဲ့ Winston တို့လို နာမည်ကျော်စီးကရက်တွေရောင်းချတဲ့ Imperial Brands ဆေးရွက်ကြီး ကုမ္ပဏီကတော့ ဆူနက်ရဲ့ အဆိုပြုမှုကနေ မလိုလားအပ်တဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ်လို့ ပြောပါတယ်။

ဆေးလိပ်အစားထိုးအီး-စီးကရက်ကို လူငယ်များ သောက်သုံးခြင်းကို တားမြစ်နိုင်ရေးအတွက်လည်း အစိုးရနဲ့ ပူးပေါင်းကာ ထိရောက်တဲ့မူဝါဒတွေ ဖန်တီးသွားဖို့ ဆက်လက်လုပ်ဆောင်မယ်လို့လည်း ဆက်ပြောပါတယ်။

### ဆေးလိပ်သောက်ခြင်းကြောင့် ရှစ်သန်းကျော် သေဆုံးနေရ

တစ်ကမ္ဘာလုံးအနှံ့ဆိုရင် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ပြောကြားချက်အရ သိရပါတယ်။

မကြာသေးမီနှစ်တွေ အတွင်းမှာတော့ အထူးသဖြင့် ချမ်းသာတဲ့နိုင်ငံတွေမှာ ဆေးလိပ်သောက်သုံးမှုဟာ ကျဆင်းလာပါတယ်။

ဒါပေမယ့်လည်း ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူကတော့ နှစ်စဉ် ရှစ်သန်းကျော် ရှိနေဆဲပါပဲ။ ကမ္ဘာအနှံ့ ဆေးလိပ်သောက်သုံးသူ ၁ ဒသမ ၃ ဘီလီယံကျော် ရှိတဲ့အထဲမှာ ၈၀ ရာခိုင်နှုန်းမှာ ဝင်ငွေ အလယ် အလတ်နှင့် ဝင်ငွေနိမ့်သည့် နိုင်ငံများမှ ဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။

### ဆေးလိပ်သောက်သုံးမှုကျဆင်းလာ

အမေရိကန် ပြည်ထောင်စုမှာ ၂၀၀၀ ပြည့်နှစ်က အရွယ်ရောက်ပြီးသား ဆေးလိပ်သောက်သုံးသူ ၃၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည်နှစ်မှာတော့ ၂၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားတယ်လို့ စာရင်းအချက်အလက်များအရ သိရပါတယ်။

ဗြိတိန်နိုင်ငံမှာလည်း ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စုစာက အရွယ်ရောက်ပြီးသား ဆေးလိပ်သောက်သူ ၃၈ ရာခိုင်နှုန်းရှိရာကနေ ယခုအခါ ၁၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားတယ်လို့ သိရပါတယ်။

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှာလည်း ဆေးလိပ်သောက်သုံးသူ အရေအတွက်ဟာ ၂၀၀၀ ပြည့်နှစ်ကနှင့် နှိုင်းယှဉ်ရင် ကျဆင်းသွားတယ်လို့ သိရပါတယ်။ နော်ဝေးနိုင်ငံမှာတော့ ၂၀၀၀ ပြည့်နှစ်က ဆေးလိပ်သောက်သုံးသူ ၄၄ ရာခိုင်နှုန်းရှိရာကနေ ၂၀၂၀ ပြည့်နှစ်မှာတော့ ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားပါတယ်။

**ကိုးကား - သည်ဂါရှင်တန်ပို့စ်**

- ဒါပေမယ့်လည်း ကျွန်တော်တို့အပါအဝင်လက်ရှိ ဆေးလိပ်သောက်နေတဲ့ လူတွေတောင်မှ သူတို့ရဲ့ကလေးတွေကို ဆေးလိပ်သောက်သုံးသူတွေအဖြစ် ကြီးပြင်းလာကြမှာကို လိုလားမှာ မဟုတ်ဘူးလို့ ၎င်းက ဆက်ပြောပါတယ်။ ကလေးငယ်များ ဆေးလိပ်ထုတ်ကုန်တွေကို မစွဲလမ်းစေဖို့အတွက် ဆေးလိပ်တု ထုတ်ကုန်တွေအပေါ် နောက်ထပ်ကန့်သတ်မှုတွေ ပြုလုပ်သွားဖို့မျှော်လင့်ထား
- တစ်ကမ္ဘာလုံးအနှံ့ဆိုရင် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ပြောကြားချက်အရ သိရပါတယ်။ မကြာသေးမီနှစ်တွေ အတွင်းမှာတော့ အထူးသဖြင့် ချမ်းသာတဲ့နိုင်ငံတွေမှာ ဆေးလိပ်သောက်သုံးမှုဟာ ကျဆင်းလာ

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့



**နေပြည်တော် အောက်တိုဘာ ၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Mercury Force ရေယာဉ်သည် ကာကွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် သံချောင်း ၅၀၄ ဒသမ ၇၈တန်၊ အမိုးသွပ် ၄၀၀၀၀၊ ခေါင်အုပ်သွပ် ၂၈၀၀၂ချပ်၊ Lip Channel တန် ၁၅၀၊ Light Weight အုတ်အလုံး ၂၆၀၀၀၊ သစ်ခွဲသား ဆိုက်စုံ ၈၀ ဒသမ ၃၇တန်၊ ဆေးနှင့် ဆေးပစ္စည်း ၃ ဒသမ ၈၈ တန်နှင့် လုပ်ငန်းသုံးယာဉ် သုံးစီး စုစုပေါင်း တန်ချိန် ၁၃၄၇ ဒသမ ၀၃ တန်ကို လည်းကောင်း၊ MV Weru Pack Kha ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၃၆၀၀၀နှင့် သံပြားတန် ၁၀၀ စုစုပေါင်း တန်ချိန် ၁၉၀၀ ကို လည်းကောင်း တင်ဆောင်၍ ယနေ့ နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဖိုးထောင်ဇာတ်လမ်းစုံ စာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ)ရေးသားသည့် ဖိုးထောင်ဇာတ်လမ်းစုံ စာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားသို့ ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရှင် စာရေးဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ အမျိုးသားစာပေဆုရှင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)၊ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ)၊ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ ဆရာမများ၊ စာပေဝါသနာရှင်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစာပေဆုရှင် စာရေးဆရာ စိုးတင့်(ရောဝတီ) ရေးသားသည့် ဖိုးထောင်ဇာတ်လမ်းစုံ စာအုပ်ဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် စာပေဝါသနာရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ယင်းနောက် စာရေးဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က အမှာစကားပြောကြားကာ နေပြည်တော်အတွင်းရှိ ပြည်သူ့စာကြည့်တိုက် ရှစ်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က လူငယ်များ စိတ်ဓာတ်ခွန်အား မြင့်မားစေရေးနှင့် ဗလ ငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီးစိုးတင့်(ရောဝတီ)က လူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များအား ယခုကဲ့သို့ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲဝင် ၄၀ အား အမျိုးသားစာပေဆုရှင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် အမျိုးသားစာပေဆုရှင် စာရေးဆရာကြီးစိုးတင့် (ရောဝတီ) က လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၄ | ၁၉၁၅ |
| 95 Ron | ၁၉၄၀ | ၂၀၁၃ |
| HSD (500 ppm) | ၂၁၁၄ | ၂၁၈၅ |
| HSD (50 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (10 ppm) | ၂၁၅၃ | ၂၂၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ

(၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၆-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

❑ *ကျော့ဖုံးမှ*

တာဂျစ်ကစ္စတန်တို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရလဒ်ကောင်း ထပ်မံရယူနိုင်ရန် လိုအပ်နေသည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့် အရေးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် အဆုံးသတ်အားနည်းနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် နည်းစနစ်ပိုင်းအပြောင်းအလဲပြုလုပ်ခဲ့ရာ ဂိုးများရခဲ့ခြင်းဖြစ်ပြီး နှစ်ဂိုးစလုံးကို ငြိမ်းမင်းစိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၉ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာရှဖလားဖူဆယ်ခြေစစ်ပွဲကို အုပ်စုရှစ်စုခွဲ၍ ကျင်းပနေပြီး ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးခုနစ်သင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❖ *ကျော့ဖုံးမှ*

ပွဲချိန် ၄၅ မိနစ်တွင် ဘစ်ဆောမာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန် ပွဲချိန်များကို စပါးအသင်းက တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ သို့သော်လည်း လူတန်အသင်းသည် တစ်ယောက်လျော့ စပါးအသင်းကို အသာစီးမှ ကစားနိုင်ခြင်းမရှိဘဲ စပါးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသည်။

စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် ရရှိခဲ့ပြီး မက်ဒီဆင်၏ ဖန်တီးမှုကို ဗန်ဒီဗင်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။ မက်ဒီဆင်သည် ယခုပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်ရာသီတွင် ဂိုးဖန်တီးမှု ငါးကြိမ်အထိ ရှိလာပြီ ဖြစ်သည်။ ဒုတိယပိုင်းတွင် လူတန် အသင်း၏ ကစားပုံတက်လာသော်လည်း ချေပဂိုးရရှိသည်အထိ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ချေ။

အခြားသော ပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက ဘန်လေကို လေးဂိုး-တစ်ဂိုး၊ အဲဗာတန်က ဘုန်းမောက်ကို သုံးဂိုးပြတ်၊ မန်ယူက ဘရန့်ဖို့ဒ်ကို လူစားဝင်ကစားသမား တွန်မီနေး၏ နောက်ကျသွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၅) (ဆောက်လုပ်ရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**“မိုခါ”နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များထဲတွင် ကြိုတင်ပြင်ဆင်မှုအပိုင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဟူ၍ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်ငြားလည်း ရခိုင်ပြည်နယ်အတွင်း မေလ ၁၄ ရက်နေ့က ဝင်ရောက်တိုက်ခတ်ခဲ့သော “မိုခါ” မုန်တိုင်းကို ရင်ဆိုင်ခဲ့ကြရာတွင် အချိန်ကာလ၊ ရာသီဥတုနှင့် လက်တွေ့မြေပြင်အခြေအနေတို့အရ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အချိန်ကာလ ခွဲခြားဆောင်ရွက်၍ မရတော့ဘဲ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြရသည်ကို တွေ့မြင်ခဲ့ရပါသည်။ မုန်တိုင်း ဝင်ရောက်ပြီးနောက် ကူညီကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများကို အားချင်းဆောင်ရွက်ရသလို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင်လည်း အရေးပေါ်ကုသမှုများ ပြုလုပ်ပေးခြင်း၊ ဆေးရုံဆေးခန်းများရှိ လူနာများ အမိုးအကာအောက်သို့ ပြန်လည်ရရှိရေး၊ ခွဲစိတ်ခန်း၊ ခာတ်မှန်၊ ICU ခန်းမများ၊ ကျောက်ကပ်ဆေးသည့်စက်များ လေလုံမိုးလုံဖြစ်ရေးနှင့် လျှပ်စစ်မီးရရှိရေး စသည့် ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရသည်။ ဆေးရုံ၊ ဆေးခန်း အဆောက်အအုံများကို ချက်ချင်း ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြရသည်။

အချိန်ကာလနှင့် ရာသီဥတုဟု ကျွန်တော်ပြောရခြင်းမှာလည်း မိုခါ မုန်တိုင်း ဝင်ရောက်လာသည့် မေလသည် မိုးကြိုကာလ၊ တစ်နည်းပြောရလျှင် ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးအတွက် မျိုးစပါးများစုဆောင်း၍ ထယ်ရေးထွန်ရေး ပြင်ရတော့မည့်ကာလဖြစ်သည်။ ယင်းအချိန်မှာမှ မိုခါ ဝင်ရောက်လာခြင်းကြောင့် မျိုးစပါးများ ဆုံးရှုံးခြင်း၊ ကျွဲ၊ နွားများ ဆုံးရှုံးခြင်း၊ ရေငန်တား တာများ ကျိုးပေါက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရသည်။ ပညာရေးဝန်ကြီးဌာနသည်လည်းပဲ ထိုနည်းတူစွာပင် ဇွန်လ ၁ ရက်နေ့တွင် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်ခြင်းလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟူ၍ ခွဲခြားဆောင်ရွက်ရန် အချိန်ကာလက ခွင့်မပြုတော့ပေ။ ပုံမှန်ထက် နှစ်ဆ၊ သုံးဆ အားထည့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရသည်။ အခြားသောဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်စွမ်းအား၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ၊ ပြန်ကြားရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး စသည့် ဝန်ကြီးဌာနများသည်လည်းပဲ မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရင်း မိုခါကို တုံ့ပြန်နိုင်ခဲ့ကြပါသည်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စစ်တွေမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❍ မုန်တိုင်းသတင်းများ အတည်ပြုပြီးနောက် မိုခါမဝင်ရောက်မီ ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှစတင်ကာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မုန်တိုင်းဝင်ရောက်ရန် ခန့်မှန်းထားသောပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ စက်ယာဉ်ယန္တရားစီးရေ ၂၁၀၀ ကျော်ကို စုဖွဲ့ထားရှိခဲ့။ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ တံတားများ ထိခိုက်ပျက်စီးနိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် အတွက် ဘေလီတံတားများ အရေးပေါ်တည်ဆောက်နိုင်ရေး ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်း ၅၂၄၈ ပေ ကြိုတင်စုဆောင်းထားရှိခဲ့။ ရခိုင်ပြည်နယ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခရိုင်/မြို့နယ်များနှင့် လမ်း/တံတား အထူးအဖွဲ့များမှ စက်ယာဉ်ယန္တရား ၁၉၅ စီး၊ ဘေလီသံပေါင် ပေ ၆၈၀၊ လူအင်အား ၇၂၂ ဦး စုဖွဲ့ ပြင်ဆင်ထားရှိခဲ့**

အဆိုပါ ဝန်ကြီးဌာနများထဲတွင် ပါဝင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ပါသည် -

(က) ကျန်းမာရေး ဝန်ကြီးဌာန၏ စစ်တွေမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ အပါအဝင် သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ပြည်နယ်အတွင်းရှိ ကျန်းမာရေး အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊

(ခ) ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တက္ကသိုလ်များ၊ နည်းပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက်တန်းခွဲကျောင်းများကို ပြုပြင်တည်ဆောက်ပေးခြင်း၊

(ဂ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဆောက်အအုံများအား ပြုပြင်ဆောင်ရွက်ပေးခြင်း၊

(ဃ) ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီ၏ပင်မလုပ်ငန်းတာဝန်ဖြစ်သော ပြည်နယ်အတွင်းလမ်း/တံတားများ၊ အခြားအခြေခံ အဆောက်အဦများအား ပြန်လည်ပြင်ဆင် တည်ဆောက်ပေးခြင်း၊

(င) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စစ်တွေမြို့တွင်း ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း တို့ ဖြစ်ပါသည်။

**ကြိုတင်စုဖွဲ့၊ တာဝန်ခွဲဝေသတ်မှတ်**

မုန်တိုင်းသတင်းများ အတည်ပြုပြီးနောက် မိုခါမဝင်ရောက်မီ ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှစတင်ကာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မုန်တိုင်းဝင်ရောက်ရန် ခန့်မှန်းထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ စက်ယာဉ်ယန္တရားစီးရေ ၂၁၀၀ ကျော်ကို စုဖွဲ့ထားရှိခဲ့ပါသည်။ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ တံတားများ ထိခိုက်ပျက်စီးနိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ဘေလီတံတားများ အရေးပေါ်တည်ဆောက်နိုင်ရေး ဘေလီသံပေါင်နှင့် ဆက်စပ်ပစ္စည်း ၅၂၄၈ ပေ ကြိုတင်စုဆောင်းထားရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ခရိုင်/မြို့နယ်များနှင့် လမ်း/တံတား အထူးအဖွဲ့များမှ စက်ယာဉ်ယန္တရား ၁၉၅ စီး၊ ဘေလီသံပေါင် ပေ ၆၈၀၊ လူအင်အား ၇၂၂ ဦး စုဖွဲ့ပြင်ဆင်ထားရှိခဲ့သည်။

ၚင်းပြင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများ၏ အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေး အထူးအဖွဲ့များအပြင် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် MLCA ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ် MCEF၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း MDA ၊ အခြားသော ဆောက်လုပ်ရေး ကန်ထရိုက်တာအဖွဲ့များ၊ မြို့မိမြို့ဖများက တာဝန်ယူပြင်ဆင်ပေးမည့်အဖွဲ့များ စသည်ဖြင့် စုဖွဲ့ဆောင်ရွက်ခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့်အတူ မေလ ၁၅ ရက်နေ့တွင် ပြည်နယ် ပြည်သူ့ဆေးရုံကြီးအပါအဝင် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက်အဦ အထူးအဖွဲ့ ငါးဖွဲ့နှင့် ဆောက်လုပ်ရေး လုပ်ငန်းရှင် အသင်းသုံးသင်းတို့ကို လုပ်ငန်းများ အမြန်စတင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းမှာကြားခဲ့သည်။

စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့မှ အဆောက်အအုံ အလုံး ၉၀ ကို အဆောက်အဦ အထူးအဖွဲ့ငါးဖွဲ့မှ တာဝန်ယူပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။ ကျန်မြို့နယ် ၁၆ မြို့နယ်အတွင်းရှိ ဆေးရုံများ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲများမှ အဆောက်အအုံ ၂၄၉ လုံးကို မြို့နယ်ဆရာဝန်များ၏ ကြီးကြပ်မှုဖြင့်လည်းကောင်း၊ အဆောက်အအုံ ၁၆၈ လုံးကို MLCA၊ MCEF အသင်းတို့ကို တာဝန်ခွဲဝေ၍လည်းကောင်း ပြင်ဆင်ဆောင်ရွက်စေကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြပါသည်။

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၏ ကျောက်ကပ်ဆောင်၊ သွေးလှူဘဏ်၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်လူနာဆောင်၊ ငှက်ဖျားတိုက်ဖျက်ရေးရုံး၊ မွေးခန်းနှင့် မွေးလူနာဆောင်၊ အောက်ဆီဂျင်စက်ရုံ၊ ဆေးသိုလှောင်ရုံ၊ ငါးထပ်ဆောင်အသစ်၊ ကိုဗစ်လူနာ ကုသဆောင်၊ CT Scan ဆောင်၊ တီဘီလူနာဆောင်များနှင့် ဆေးရုံဝန်ထမ်းအိမ်ရာများ အပါအဝင် အဆောက်အအုံပေါင်းများစွာကို အမြန်ပြုပြင်ပေးခဲ့သည်။ သူနာပြုသင်တန်းကျောင်းတွင်လည်း နှစ်ထပ်စာသင်ဆောင်၊ သင်တန်းသူအိပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ နှစ်ထပ်အိပ်ဆောင်ဟောင်း၊ ထမင်းစားဆောင်နှင့်မီးဖိုဆောင်၊ သားဖွား L-Shape တစ်ထပ်စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောင်၊ သားဖွား နှစ်ထပ် စာသင်ဆောင်၊ နှစ်ခန်းတွဲသုံးထပ် အာရ်စီဝန်ထမ်းအိမ်ရာ၊ သားဖွားသင်တန်းသူ ၁၀၀ ဆံ့ နှစ်ထပ် အာရ်စီအိပ်ဆောင် စသည်တို့ကို မွမ်းမံပြုပြင်ပေးခဲ့ရသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးသိုလှောင်ရုံ၊ အအေးခန်း ဆေးသိုလှောင်ရုံ၊ ပြည်သူ့ကျန်းမာရေးမှူးရုံး အမှတ် (၁) နှင့် (၂)၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ၊ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ၊ မိခင်နှင့် ကလေးကျန်းမာရေး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အဆောက်အအုံ၊ မင်းဂံဒေသန္တရ ကျန်းမာရေးဆေးပေးခန်းတို့ကို ပြုပြင်ပေးခဲ့သည်။ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြည်နယ်တိုင်းရင်းဆေးပင်မဆေးရုံ၊ တိုင်းရင်းဆေး နှစ်ထပ်တိုးချဲ့ဆေးရုံ၊ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ အမှတ် (၁) နှင့် (၂)၊ လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ၊ တိုင်းရင်းဆေး ဆေးရုံအုပ်ကြီးနေအိမ်၊ လူနာစားဖိုဆောင် စသည်တို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

**တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ ပြင်ဆင်ဆောင်ရွက်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများကို အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများနည်းတူ ဇွန်လ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက လိုက်နာဆောင်ရွက်လျက်ရှိရာ ၎င်းရည်မှန်းချက်အောင်မြင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သည့် ကူညီပံ့ပိုးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။ တက္ကသိုလ် သုံးခုဖြစ်သော စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ အဆောက်အအုံ ၆၉ လုံး၊ အစိုးရနည်းပညာအထက်တန်းကျောင်းမှ အဆောက်အအုံ ၁၈ လုံး၊ စုစုပေါင်း ၈၇ လုံးကို မြန်မာနိုင်ငံလိုက်စင်ရကန်ထရိုက်တာများအသင်းချုပ် MLCA၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် MCEF တို့က တာဝန်ခွဲဝေပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသည် အထက်တန်းကျောင်း ၂၉ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၄ ကျောင်းကို တာဝန်ယူပြုပြင်ဆောင်ရွက်ခဲ့ပြီး MLCA သည် အထက်တန်းကျောင်း ၂၇ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၄၀ ကို လည်းကောင်း၊ MCEF သည် အထက်တန်းကျောင်း ၃၀ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၈ ကျောင်းကိုလည်းကောင်း၊ MDA သည် အထက်တန်းကျောင်း ၁၂ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၀ ကိုလည်းကောင်း တာဝန်ယူပြုပြင်ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ၂၉၅ ကျောင်းဖြစ်ပါသည်။ အခြေခံပညာမူလတန်း၊ အခြေခံပညာ အလယ်တန်းကျောင်း အားလုံးကိုမူ ပညာရေးဝန်ကြီးဌာနမှပင် တာဝန်ယူတည်ဆောက်ပြုပြင်မွမ်းမံဆောင်ရွက်ပေးခဲ့သည်။

**ရှေးဟောင်းယဉ်ကျေးမှု အဆောက်အဦများ ပြုပြင်**

မိုခါမုန်တိုင်းဒဏ်ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်များ၏ ခေါင်မိုးများ ပျက်စီးခဲ့ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ပြုပြင်ပေးခဲ့သည်။ ၎င်းအဆောက်အဦများနှင့်အတူ ပြတိုက်ဝန်းအတွင်းရှိ အရာထမ်းနေအိမ်၊ အမှုထမ်းနေအိမ် ခုနစ်လုံးကိုပါ အဆောက်အဦအထူးအဖွဲ့က ပြန်လည်ပြုပြင်ပေးခဲ့သည်။

**လမ်း/တံတားများ ပြုပြင်တည်ဆောက်**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် မေလ ၁၉ ရက်နေ့တွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ သွားရောက်ခဲ့ကြသော ဒုတိယဝန်ကြီး လေးဦးထဲမှ တစ်ဦးဖြစ်သည်။ ဦးဝင်းဖေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စာရေးသူ ကျွန်တော်တို့ ပါဝင်ပါသည်။ ဦးဝင်းဖေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အထက်ဖော်ပြပါ ပညာ၊ ကျန်းမာ အဆောက်အအုံများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်နေသကဲ့သို့ မူလလုပ်ငန်းတာဝန်ဖြစ်သော လမ်း/တံတား ပျက်စီးမှုများကိုပြုပြင်၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဇွန်လ ၄ ရက်နေ့မှ ၂၃ ရက်နေ့အထိ လည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ လည်းကောင်း လာရောက်နေထိုင် ကွပ်ကဲ စီမံဆောင်ရွက်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေ - ပလ္လင်ပြင်လမ်းပေါ်ရှိ ပေ ၁၀၀ သံချောင်းတံတားကို ပေ ၁၄၀ ဘေလီတံတား တည်ဆောက်ပေးခြင်း၊ ပေ ၄၀ ဒါးပိုင်တံတားကို ပေ ၆၀ ဘေလီတံတား တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ်ကာလ၌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်ကို အမှတ်ရမိသည်။

**မြို့တွင်းရှင်းလင်းရေးလုပ်ငန်းများ ကူညီ**

မိုခါမုန်တိုင်းဒဏ်ကြောင့် မြို့နယ် ၁၀ မြို့နယ်ဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ပေါ်ခဲ့သည်။ မြို့တွင်းရှင်းလင်းရေးလုပ်ငန်းများကို တာဝန်ပေးထားသည့် တပ်မတော်အရာရှိကြီးများက ကြီးကြပ်၍ ဆောင်ရွက်ခဲ့သည်။ စစ်တွေမြို့တွင်လည်း လာရောက်ကြီးကြပ်ကွပ်ကဲနေသော ပြည်ထောင်စုဝန်ကြီးများက ဦးဆောင်၍ မြို့တွင်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဌာနပိုင်ယာဉ်၊ ယန္တရားအစီး ၂၀ ပူးပေါင်းပါဝင်အားဖြည့်ကူညီ ဆောင်ရွက်ခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် မြို့တွင်းလမ်းအားလုံးကို တစ်လမ်းသွား ဖွင့်ပေးနိုင်ခဲ့ပြီး မေလ ၂၂ ရက်နေ့တွင် မူလလမ်းအကျယ်အတိုင်း သွားလာနိုင်ရေး ရှင်းလင်းဖယ်ရှား ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စစ်တွေကမ်းခြေပတ်လမ်း ပြုပြင်မှု**

စစ်တွေ Viewpoint မှ စစ်တွေဟိုတယ်အထိ ကမ်းခြေပတ်လမ်းသည် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့သည်။ ယင်းလမ်းသည် စစ်တွေမြို့၏ အထင်ကရနေရာ၊ မြို့သူမြို့သားများ Super Sunday တွင် အပြည့်အဝအပန်းဖြေနားနေရာ နေရာတစ်ခုဖြစ်ခဲ့သည်။ သို့ဖြစ်၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ယင်းလမ်းကို အမြန်ပြုပြင်ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်မှုများ စတင်ခဲ့သည်။ လတ်တလော သွားလာနိုင်ရေးအတွက် အမာခံလမ်းရအောင် တည်ဆောက်ပေးခဲ့သည့်အပြင် ရေရှည်ကောင်းမွန်ရေးအတွက်ပါ အစီအမံများ ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိပါသည်။ မုန်တိုင်းဒဏ်သင့် နေရာဒေသအားလုံးတွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးသမျှ မူလအခြေအနေထက် သာလွန်ကောင်းမွန်ရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အေးချမ်းသာယာလှပသော ကမ်းခြေပတ်လမ်းတစ်ခုကို စစ်တွေမြို့သူမြို့သားများ ပိုင်ဆိုင်ခွင့်ရကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိသည်။

**ဒေသခံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်**

'မိုခါ'မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရာတွင် ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြုပြင်တည်ဆောက်ပေးခဲ့သော ပညာရေးကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်သားဦးရေ ၁၈၉၅ ဦး၊ ကျန်းမာရေးကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်သားဦးရေ ၂၀၄၅ ဦး၊ အခြားလုပ်ငန်းများအတွက် လုပ်သားဦးရေ ၁၄၂ ဦး စုစုပေါင်း ၄၀၈၂ ဦးကို ရက်၊ လ အတန်ကြာသည်အထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။

**MCEF မှ ဒေါ်မြသောင်းဝေ**

ရခိုင်ဒေသမှာ တာဝန်ထမ်းဆောင်နေခိုက် အသိမိတ်ဆွေတစ်ဦး တိုးခဲ့သည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF) တွင် Project Coordinator အဖြစ် ဆောင်ရွက်နေသူ တူမမြသောင်းဝေ ဖြစ်သည်။ ဖခင်ဖြစ်သူမှာ နိုင်ငံကျော်စာရေးဆရာ သောင်းဝေဦးဟု လူသိများခဲ့သော ဗိုလ်မှူးကြီးသောင်းဝေ (ငြိမ်း) ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသောင်းဝေသည် ကျွန်တော်၏ ယောက္ခမဖြစ်သူကြည်း(၁၀၉၄၃)ဒုတိယဗိုလ်မှူးကြီးကျော်လွင် (ကွယ်လွန်) နှင့်လည်း သိကျွမ်းခဲ့ဖူးသလို ကျွန်တော်၏ စာပေရေးသားခြင်းကိုလည်း အားပေးချီးမြှောက်ခဲ့သူဖြစ်ပါသည်။ ကျွန်တော်အနေဖြင့်မူ စာရေးဆရာ သောင်းဝေဦး (ခ) ဗိုလ်မှူးကြီးသောင်းဝေကို ၁၉၈၄ ခုနှစ်က ကျိုင်းတုံဒေသသို့ စစ်ဆင်ရေးထွက်ရင်း တပ်မ ၈၈ ၏ စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် စတင်မြင်ဖူးခဲ့ခြင်းဖြစ်၏။

ယခု သူ၏သမီးဖြစ်သူ တူမမြသောင်းဝေ တို့အဖွဲ့သည် မိုးထဲရေထဲ၌ မြစ်ကူးချောင်းဖြတ် ကျော်၍သွားကာ ရခိုင်ဒေသ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ မြို့နယ်များအတွင်းက ကျောင်းများ အချိန်မီ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေချိန်၊ အလုပ်သမား ရှားပါးနေချိန်၊ အစားအသောက် အနေအထိုင် ကျပ်တည်းနေချိန်မှာ စေတနာရှေ့ထား ဆောင်ရွက်ပေးခဲ့ကြသော MCEF ၊ MLCA ၊ MDA အသင်းမှ တာဝန်ရှိသူများ၊ အသင်းဝင်များ အားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

**“မိုခါ” ဆောင်းပါးများနှင့် စပ်လျဉ်း၍**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာ ဆောင်းပါးများ ရေးသားတင်ပြခဲ့ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်ပါတော့မည်ဖြစ်ကြောင်း ဖော်ပြခဲ့ဖူးပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေတော့မည်ဖြစ်ရာ အချိန်ကန့်သတ်ချက်ရှိသဖြင့် ယင်းသို့ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်အနည်းငယ်ရဦးမည်ဖြစ်၍ ကျန်ရှိနေသော ဝန်ကြီးဌာန နှစ်ခုထဲမှ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းစွမ်းဆောင်မှုများကို ဂုဏ်ပြုရေးသားလိုက်ခြင်းဖြစ်ပါသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရေးသားတင်ပြပါဦးမည်။ ။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စစ်တွေမြို့တွင်း ရှင်းလင်းရေးဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားစဉ်။

# ကော့သောင်းမြို့နယ်မှ ပင်လယ်ကျွန်းခရီးစဉ်များနှင့်

# ရနောင်းဘက်ကမ်း ခရီးစဉ်

ယဉ်လာဒ်


ကော့သောင်းမြို့နယ် Pulo Balu ကျွန်းပေါ်ရှိ ALUA Hotel & Resort။

**စာ**ရေးသူတို့ရဲ့နိုင်ငံဟာ အလွန်လှပတဲ့မြေပေါ်မှာ တည်ရှိပါတယ်။ မြန်မာပြည်မြေပုံရဲ့ အောက်ဘက်အစွန်ဆုံးဟာ ကော့သောင်းမြို့လေးဖြစ်ပြီး မြို့နယ်အတွင်းမှာ ကျွန်းပေါင်း ၈၀၀ ကျော်ကို ပိုင်ဆိုင်ထားတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။ လက်ညှိုးထိုးမလွဲ လှပတဲ့ကျွန်းစုတွေကို ပိုင်ဆိုင်ထားတဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းက ကော့သောင်းမြို့နယ်ကို ခရီးသွားဧည့်သည်တွေ ရွေးချယ်သွားရောက်နေကြပါပြီ။


ရနောင်းမြို့မှ Baan Rai I Arun အပန်းဖြေစခန်း။

### Luxury ဆန်သောမြို့

ကော့သောင်းမြို့ခရီးစဉ်ဟာ ကားလမ်းထက်စာရင် လေယာဉ်နဲ့မှသာ အလွယ်ရောက်နိုင်တာမို့ တခြားခရီးစဉ်တွေထက် ပိုပြီး ကုန်ကျစရိတ် များပြားပေမယ့် စရိတ် ကုန်ကျရကျိုးနပ်စေတဲ့အထိ စိတ်ကျေနပ်မှုရရှိစေတဲ့ ခရီးစဉ်တွေလို့လည်း ဆိုရပါမယ်။ စာရေးသူကတော့ ကော့သောင်းမြို့ကို Luxury ဆန်သောမြို့လို့ တင်စားချင်ပါတယ်။

နယ်စပ်မြို့လေးဖြစ်တဲ့ ကော့သောင်းမြို့ကိုရောက်ပြီဆိုရင် Andaman ပင်လယ်ကြီးကို တစ်မျှော်တစ်ခေါ်မြင်ရပြီး ပင်လယ်ပြင်ကြီးထဲမှာ သွားလာနေတဲ့ ရုပ်ပြေးရေယာဉ်တွေ၊ ထိုင်းနိုင်ငံ နယ်စပ်မြို့ဖြစ်တဲ့ ရနောင်းဘက်ကိုကူးမယ့် သမ္ဗန်ငယ်လေးတွေ စုန်ချီဆန်ချီနဲ့ သွားလာနေကြတာတွေကို ကြည့်ရတာဟာ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုမျိုး ခံစားမိစေမှာ ဖြစ်ပါတယ်။

### ပင်လယ်ကျွန်းခရီးစဉ်များ

မြန်မာနိုင်ငံရဲ့ အလှပဆုံးကျွန်းများလို့ တင်စားရတဲ့ 115 ကျွန်း၊ ဟန်းနီးမွန်းကြီးကျွန်း၊ ငါးမန်းကျွန်း၊ Pulo Balu ကျွန်း၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ တာရာကျွန်း၊ ကြက်မောက်ကျွန်း၊ သူဌေးကျွန်း စတာတွေဟာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ အဓိကသွားရောက်လည်ပတ်ကြတဲ့ကျွန်းတွေ ဖြစ်ကြပါတယ်။ ကော့သောင်းရောက်ပြီဆိုရင် ခရီးသွားဧည့်သည်အများစုက ကယက်လှေလှော်ခြင်းနဲ့ ရေငုပ်ပြီး ရေအောက်ရှုခင်းများကြည့်ခြင်း (Snorkelling) ကို အဓိကပြုလုပ်ကြလေ့ရှိကြပါတယ်။ ဒါ့အပြင် ညောင်ဦးဖီးကျွန်းနဲ့ ကျွန်းဗီလာကျွန်းတွေဆီကိုလည်း သွားရောက်လည်ပတ်ကြပါတယ်။ ရေအောက်က သန္တာကျောက်တန်းတွေကို Snorkelling လုပ်ပြီး ကြည့်ရတဲ့ခံစားမှုကို သဘောကျနှစ်ခြိုက်ကြတာမို့ အများစုက ကော့သောင်းကို လာရောက်လည်ပတ်ကြလေ့ရှိကြပါတယ်။

### ရနောင်းမြို့ခရီးစဉ်

ကော့သောင်းမြို့ကိုရောက်တဲ့ ခရီးသွားအများစု မဖြစ်မနေသွားကြတဲ့ ခရီးစဉ်တစ်ခုကတော့ ထိုင်းနိုင်ငံရဲ့ နယ်စပ်မြို့ဖြစ်တဲ့ ရနောင်းမြို့ကို တကူးတက သွားရောက်လည်ပတ်ကြခြင်းဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားအများစုအနေနဲ့ ကော့သောင်းမြို့မှာ လည်ပတ်ပြီး ရနောင်းမှာ ဈေးဝယ်ကြပါတယ်။ လည်ပတ်စရာတွေက များပြားတာမို့ သုံးညအိပ်လောက်မှသာ ကောင်းကောင်းလည်ပတ်လို့ရပါတယ်။

ကော့သောင်းမြို့ရဲ့ အထင်ကရနေရာတွေကို လည်ပတ်ပြီးရင် ရနောင်းမြို့ထဲက ခရီးသွားနေရာတွေကိုလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။ ခရီးသွားတချို့ကတော့ ရနောင်းမြို့ကို နေ့ချင်းပြန်လည်ပတ်ကြသလို ညအိပ်သွားရတဲ့ ခရီးစဉ်တွေကိုလည်း သွားရောက်ကြလေ့ရှိတယ်လို့ ကော့သောင်းအခြေစိုက် ဖွင့်လှစ်ထားတဲ့ Coral Fish Travels & Tours မှ တာဝန်ရှိသူတစ်ဦးက စာရေးသူကို ပြောပါတယ်။

ရနောင်းဘက်ကိုကူးတဲ့ သမ္ဗန်ငယ်တွေကိုမစီးခင် နယ်စပ်ဖြတ်ကျော်တဲ့ နယ်စပ်ဖြတ်ကျော်စာအုပ် (Temporary Border Pass) လေး လုပ်ရပါတယ်။ မြန်မာနိုင်ငံသား မှတ်ပုံတင်ရှိတဲ့သူတိုင်း ဒီစာအုပ်လေးကို ဘတ်၁၀၀၀ ဝန်းကျင်ပေးပြီး လုပ်ထားမယ်ဆိုရင် ထိုင်းနိုင်ငံ ရနောင်းမြို့ထဲမှာ ခုနစ်ရက်နေထိုင်ခွင့်ကို ရရှိမှာ ဖြစ်ပါတယ်။ ရနောင်းဘက်ကို ကူးမယ်ဆိုရင် စက်လှေခ လူတစ်ဦးကို ဘတ် ၁၀၀ ယူပြီး စင်းလုံးငှားမယ်ဆိုရင်တော့ ဘတ် ၇၅၀ လောက် ကျသင့်မှာ ဖြစ်ပါတယ်။

ကော့သောင်းမြို့ကနေ အသွားအပြန် နှစ်နာရီကျော် သွားရောက်ရုံနဲ့ Private ဆန်ဆန် သီးသန့်အနားယူနိုင်တဲ့ Baan Rai I Arun လို့အမည်ရှိတဲ့ အပန်းဖြေရီဆော့ကိုရောက်တာမို့ နေ့ချင်းပြန် သွားရောက်ကြတဲ့ ခရီးသွားတွေရှိကြတယ်လို့ဆိုပါတယ်။ ကော့သောင်း–ရနောင်း နေ့ချင်းပြန်ခရီးစဉ်ကို စရိတ်ငြိမ်း ဘတ်၂၅၀၀ ဝန်းကျင်ကုန်ကျမှာဖြစ်ပြီး ရနောင်းမြို့ထဲ တစ်ညအိပ်ခရီးစဉ်ကတော့ စရိတ်ငြိမ်း ဘတ် ၃၂၀၀ ဝန်းကျင်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်နဲ့ ဈေးနှုန်းတွေဟာ ခရီးသွားကုမ္ပဏီအများစုက ရောင်းချနေတဲ့ ခရီးစဉ်ဖြစ်ပြီး လူကြိုက်အများဆုံး သွားရောက်ကြတဲ့ ခရီးစဉ်လို့တောင် ဆိုရမှာဖြစ်ပါတယ်။ ရနောင်းမြို့ထဲမှာ ခရီးသွားအများစု သွားကြတာကတော့ Big C ကုန်တိုက်၊ Lotus ကုန်တိုက်၊ ရနောင်းရေပူတွင်း၊ ငါးကန်နဲ့ ဘုန်းကြီးကျောင်း၊ မိကျောင်းကန်၊ မီးမလောင်ဘုန်းကြီးကျောင်းတို့ ဖြစ်ပါတယ်။

### သဘာဝအခြေခံ အပန်းဖြေရီဆော့

"အခုတလောကတော့ ရနောင်းမြို့ထဲမှာ သဘာဝကိုအခြေခံထားပြီး Private ဆန်ဆန် အနားယူနိုင်တဲ့ အပန်းဖြေရီဆော့ကို သွားကြတာများလာပါတယ်။ အနားယူဖို့သက်သက် လာချင်တဲ့ခရီးသွားတွေအတွက်တော့ အဆင်ပြေတဲ့ အပန်းဖြေရီဆော့တစ်ခုပါ။ ဒီရီဆော့ထဲမှာ ကော်ဖီဆိုင်နဲ့စားသောက်ဆိုင်ပါ တွဲဖွင့်ထားတာမို့ အနားယူချင်တဲ့ ခရီးသွားတွေအတွက် နှစ်ခြိုက်စေမှာ ဖြစ်ပါတယ်။ ကော့သောင်းဒေသခံတွေကတော့ နေ့ချင်းပြန်သွားပြီး ဒီရီဆော့မှာ ကော်ဖီသောက် နေ့လယ်စာစားပြီး လည်ပတ်ကြပါတယ်"လို့ Coral Fish Travels & Tours မှ တာဝန်ရှိသူက ပြောပြပါတယ်။

သဘာဝတရားနဲ့ အနီးစပ်ဆုံးခံစားပြီး ရိုမန့်တစ်ဆန်ဆန်လေး တည်းခိုလို့ရတဲ့ နေရာလေးတစ်ခုလို့ ဆိုရပါမယ်။ ကျယ်ပြန့်လှတဲ့ ဆီအုန်းခြံကျယ်ကြီးထဲမှာ စားသောက်ဆိုင်၊ အော်ဂဲနစ်စိုက်ခင်း၊ အမှတ်တရပစ္စည်းဆိုင်၊ ရက်ကန်းထည်၊ ရက်ကန်းစက်တွေရှိပြီးတော့ ဓာတ်ဖမ်းချင်သူတွေအတွက်လည်း လုံးဝကို အကြိုက်တွေ့သွားစေမယ့် နေရာလေးတစ်ခုဖြစ်အောင် ထည့်သွင်းဖန်တီးထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ သဘာဝကပေးထားတဲ့ လက်ဆောင်မွန် များစွာတည်ရှိတဲ့ တနင်္သာရီတိုင်းဒေသကြီးထဲက Luxury ဆန်သော ကော့သောင်းမြို့လေးဆီ သွားလည်ကြပြီး ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းနယ်စပ်မြို့လေးထဲက သဘာဝတရားနဲ့အနီးစပ်ဆုံး အပန်းဖြေစခန်းဆီကိုပါ သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့လမ်းညွှန်အဖြစ် ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။





Baan Rai I Arun အပန်းဖြေစခန်းအတွင်းမှ ဓာတ်ပုံရိုက်ရန် ပြင်ဆင်ပေးထားသောနေရာနှင့် အော်ဂဲနစ်စိုက်ခင်း။



## အင်းတော်ပြည်သူ့စစ် (ဌာနေ) စစ်အခြေခံ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**အင်းတော် အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်ပြည်သူ့စစ် (ဌာနေ) စစ်အခြေခံသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက်က အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် နယ်မြေခံရှေ့တန်းတပ်နယ်မှ တပ်မမှူးက သင်တန်းဆင်းမိန့်ခွန်းကို ပြောကြားသည်။ ထို့နောက် သင်တန်းသားများအား ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ကော်ဖီမစ်များကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲဗလ လှတင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ပြည်သူ့စစ်သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြီးနောက် အင်းတော်မြို့ အောက်ဆီဂျင်စက်ရုံ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက်အတွင်းရှိ လောကမာရဇိန် စေတီတော် ကုန်းတော် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**လှအောင်(ကသာ)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၈) မြောက် နှစ်ပတ်လည်နေ့အကြို ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဘတ်စကက်ဘော အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲကို အသံလွှင့်ဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသံလွှင့်ဌာနအသင်းက ၁၆ မှတ် ၁၂ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသားအသင်းပြိုင်ပွဲ ဗိုလ်လုပွဲကို စီမံခန့်ခွဲရေးဌာနအသင်းနှင့် အသံလွှင့်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသံလွှင့်ဌာနအသင်းက ၂၇ မှတ် ၂၅ မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် **(အငြိမ်းစား)**၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူနှင့် ညွှန်ကြားရေးမှူးများက ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က နည်းပြနှင့် ဒိုင်အဖွဲ့ကိုလည်း အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယခုကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ဘတ်စကက်ဘော အားကစားပြိုင်ပွဲကို ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ ပျော်ရွှင်မှုနှင့် စည်းလုံး ညီညွတ်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိဌာနခွဲအသီးသီးမှ အမျိုးသားအသင်း ငါးသင်းနှင့် အမျိုးသမီး အသင်းခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပွဲစဉ်တိုင်းတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ပျော်ရွှင်စွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျှော့နည်းရေး နည်းပညာပေး ဆွေးနွေးပွဲကျင်းပ

**လယ်ဝေး အောက်တိုဘာ ၇**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာကျေးရွာ KC ခန်းမ၌ ယမန်နေ့က အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျှော့နည်းရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



အဆိုပါ နည်းပညာပေး ဆွေးနွေးပွဲသို့ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်း ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောဝင်းနှင့် ဝန်ထမ်းများ၊ စိုင်ခေါင်းရိုး၊ ရေကာ၊ အလယ်ကျွန်း၊ အောင်းကုန်း၊ ပြည်ဝင်၊ ပိတောက်ချောင်၊ ရုံးပင်၊ အေလာ ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ကြိုတင်သတိပြု**

ရှေးဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်း ဦးစီးမှူး ဦးစိုးနိုင်က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်မည့် အခြေအနေ၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်လာနိုင်မည့် အခြေအနေ၊ တောင်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုလျှော့နည်းစေရေးအတွက် ကြိုတင်သတိပြုပြင်ဆင်ရမည့် အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

**အချင်းချင်းမျှဝေ**

ဆက်လက်၍ လယ်ဝေးမြို့နယ် ဦးစီးမှူး ဦးစောဝင်းက မျိုးကောင်းမျိုးသန့်များ၊ သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိုးကျပေါင်းစပ်သုံးစွဲရန်၊ ယူရီးယားဓာတ်မြေဩဇာကို အလွန်အကျွံမသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့နည်းစေရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ရောဂါပိုးကျရောက်နိုင်မှု ကာကွယ်ရန် နည်းလမ်းများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ လိုက်နာကျင့်သုံးရမည့်အချက်များနှင့် နည်းပညာပေးဆွေးနွေးပွဲမှရရှိသော အသိပညာဗဟုသုတများကို တောင်သူအချင်းချင်း မျှဝေရန်နှင့်လိုက်နာကျင့်သုံးဆောင်ရွက်ရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

ထို့နောက် နည်းပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၃၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်


| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၅၆ | ၅၀၂၄၀၀ |
| MTSH | ၃၀၅၀ | ၂၉၅၀ | ၁၅၃၈ | ၄၆၁၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၁၀၂ | ၁၈၂၃၃၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၃၂၀ | ၇၆၈၀၀၀ |
| EFR | ၂၁၅၀ | ၂၁၀၀ | ၈၄၄ | ၁၇၉၂၈၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၄၂၆ | ၂၀၄၄၈၀၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၆၀၃ | ၁၁၁၅၅၅၀ |

ညီညီ - စုစည်းသည်

# မှော်ဘီမြို့၊ ကလေးမြို့နှင့် အမရပူရမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု နတ်ရဲကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၈၄ ဦးကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာရှိ ဒေသခံပြည်သူ ၂၁၅ ဦးတို့ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက် မင်္ဂလာမဂ္ဂင်ရိပ်သာကျောင်းတိုက်မှ သံဃာတော် ၃၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂၈ ပါးနှင့်



ဒေသခံပြည်သူ ၁၁၄ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လည်းကောင်းသတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများ စစ်ဆေးပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Tablet Battery ၄၀၊ Ferefit Smart Watch ၃၅ လုံးအပါအဝင် ကုန်ပစ္စည်း ၁၈မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၈၃၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၆ ရက်က ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ



တွင် ကြေညာထားခြင်းမရှိသော ကားတာယာအသစ် အလုံး ၇၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၆၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၃၆၄ တန်နှင့် သစ်မာ ၁၀ ဒသမ ၇၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၃၁၃၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၈၉၃၁၃၆)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၆ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်မြို့ မြို့အဝင်တံတားအနီး၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Vitamilk ပဲနို့ ၁၈၆၈၄ ဘူး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၃၄၇၂၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီးနှင့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၃၄၇၂၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၆ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကြာဆံထုပ် ၁၅၃၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၆ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Construction Safety Net ကီလိုဂရမ် ၃၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၅၅၂၀၄၁၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရိုဘက်စတာကော်ဖီ ကြားညှပ်စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှု

**ပဲခူး အောက်တိုဘာ ၇**

ပဲခူးမြို့နယ်အတွင်း ရိုဘက်စတာကော်ဖီ ကြားညှပ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ပဲခူးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပဲခူးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်ပင်ဆိပ်ကျေးရွာအုပ်စုတွင် တောင်သူ ဒေါ်ခင်သန်းအေး၏ ရော်ဘာစိုက်ဧက ၁၅ ဧကတွင် ကြားညှပ်စိုက်ပျိုးထားသော ရိုဘက်စတာကော်ဖီအပင် ၃၀၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဦးမင်းသိန်း၏ရော်ဘာစိုက်ဧက ၂ ဒသ ၅ ဧကအတွင်းရိုဘက်စတာကော်ဖီအပင် ၅၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ပဲခူးမြို့နယ်အတွင်း ၂၀၂၃-၂၄ခုနှစ်တွင် ကျေးရွာအုပ်စု သုံးအုပ်စု၌ တောင်သူပေါင်း ၁၂ ဦးက ကော်ဖီစိုက်ဧက ၆၂ ဧကတွင် ရိုဘက်စတာကော်ဖီပင်များ စတင်စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့်အဖွဲ့သည် ကမာနတ်ကျေးရွာ ဆွမ်းလောင်းဇမ္ဗာရုံ၌ ကမာနတ်ကျေးရွာအုပ်စုအတွင်းရှိ ပဲတီစိမ်းစိုက်တောင်သူများနှင့်တွေ့ဆုံ၍ မိမိတို့မြို့နယ်အတွင်း ၂၀၂၃ ခုနှစ် အဓိကသီးနှံ ငါးမျိုးဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဝါနှင့်ကြံသီးနှံများအနက် ပဲတီစိမ်း၊ မတ်ပဲနှင့် မြေပဲစိုက်ပျိုးသွားမည့်အခြေအနေများနှင့် ပဲတီစိမ်းဧက ၅၆၀၂၀ စိုက်ပျိုးမည့်အခြေအနေများကို ပြောကြားသည်။

ထို့နောက် ပဲခူးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက သီးနှံများစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် နည်းပညာများနှင့်ပတ်သက်၍ အသိပညာပေးပြောကြားပြီး ပထမအကြိမ်အဖြစ် ကမာနတ်ကျေးရွာအုပ်စုအတွင်းရှိ ပဲတီစိမ်းစိုက်မည့်တောင်သူများ၏ဧက ၅၀ အတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် ပဲတီစိမ်းမျိုး တင်း ၂၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်ထက်**



# ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့် (၉၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်**အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပြည်ပနေနိုင်ငံသားများ၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ ရသင့်ရထိုက်သောအခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရန်နှင့် မြန်မာနိုင်ငံ သားအားလုံး အခွန်တာဝန်ကို သာတူညီမျှ ထမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်လျက် ယခင်က ပြည်ပနေ နိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်းအား ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြင့် ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ ပယ်ဖျက်ခဲ့ပါသည်။ ထို့ပြင် အဆိုပါဥပဒေဖြင့် ပြည်ပနေနိုင်ငံသားများ၏ လစာ ဝင်ငွေအပေါ် တွက်ချက်ရမည့် ဝင်ငွေခွန်နှုန်းထား၊ ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏ သတ်မှတ်ရမည့် နည်းလမ်းနှင့် ပေးဆောင်ရမည့် ငွေကြေးအမျိုးအစားသတ်မှတ်ချက်တို့အား ပြဋ္ဌာန်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ၏ပြင်ပတွင် နေထိုင်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ မိမိတို့၏ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် အောက်ပါတွက်ချက်မှုနည်းလမ်း (၂) မျိုးဖြင့် တွက်ချက်ပြီး ရရှိသည့်အခွန်ပမာဏ (၂) ရပ်အနက် **နည်းရာအခွန်ပမာဏဖြင့်ပေးဆောင်ရမည်** ဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုထားသည့်သက်သာခွင့်များအား နုတ်ပယ်ပြီး ဝင်ငွေအလွှာအလိုက် အခွန်နှုန်းထားဖြင့် တွက်ချက်ခြင်းနည်းလမ်း၊

(ခ) ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုထားသည့်သက်သာခွင့်များအား နုတ်ပယ်ခြင်းမပြုဘဲ အခွန်နှုန်း ၂ ရာခိုင်နှုန်းဖြင့် တွက်ချက်ခြင်းနည်းလမ်း။

၃။ ပြည်ပနေနိုင်ငံသားများအနေဖြင့် ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာဝင်ငွေအပေါ် ဝင်ငွေခွန် ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိရန်လိုအပ်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေး အပ်ပါသည်-

(က) မိမိပေးဆောင်ရမည့် လစာဝင်ငွေခွန်ပမာဏကို သိရှိနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန Website (https://www.ird.gov.mm) ၏ Home Page ရှိ လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) Menu Link မှတစ်ဆင့် (သို့မဟုတ်) https:// paye.ird.gov.mm မှ တိုက်ရိုက်ဝင်ရောက်၍ လစာဝင်ငွေခွန် တွက်ချက်မှုစနစ် (PAYE Tax Calculator) တွင် ဝင်ရောက် တွက်ချက်ကြည့်နိုင်ပါသည်၊

(ခ) လစာဝင်ငွေခွန်ပေးဆောင်နိုင်ရန် စနစ်အတွင်းသို့ အချက်အလက်များထည့်သွင်းခြင်းကို သက်ဆိုင်ရာ သံရုံးဝန်ထမ်းများ (သို့မဟုတ်) သက်ဆိုင်ရာအခွန်ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ စနစ်အတွင်းသို့ ထည့်သွင်းရန်လိုအပ်သည့် အချက်အလက်များမှာ လစာဝင်ငွေခွန် ပေးဆောင်သူ၏ အမည်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ OWIC အမှတ် (သို့မဟုတ်) CDC/ SIRB အမှတ်၊ နေရပ်လိပ်စာ စသည်တို့ဖြစ်ပါသည်၊

(ဂ) လစာဝင်ငွေခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်သာ ပေးဆောင်ရပါမည်၊

(ဃ) အထက်အပိုဒ် ၂ ပါ ဖော်ပြချက်နှင့်အညီ တွက်ချက်သတ်မှတ်သည့် ပေးဆောင်ရမည့် ဝင်ငွေခွန် ပမာဏမှ သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသည့် ဝင်ငွေခွန်ပမာဏကို ခုနှိမ်ခွင့်ရရှိပါမည်၊

(င) သာမန်အားဖြင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် Passport သက်တမ်းတိုးချိန်၌ ပေးဆောင်ရမည်၊ **(မိမိ၏လစာဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသူများ အနေဖြင့် လစဉ် (သို့မဟုတ်) သုံးလတစ်ကြိမ် (သို့မဟုတ်) နှစ်စဉ် သက်ဆိုင်ရာသံရုံးတွင် ပေးဆောင် လိုပါကပေးဆောင်နိုင်ပါသည်။)** မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးမှ ပေးဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာန မှူးရုံးတွင် ပေးဆောင်ရမည်၊

(စ) သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးပါက သက်ဆိုင်ရာသံရုံး/ မြို့နယ် အခွန်ဦးစီး ဌာနမှူးရုံးမှ QR Code ပါဝင်သည့် အီလက်ထရောနစ်ငွေရပြေစာနှင့် **ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်**တို့ကို ပြန်လည်ထုတ်ပေး မည်ဖြစ်ပါသည်။

၄။ ပြည်ပနေနိုင်ငံသားများအနေဖြင့် မိမိတို့၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက် ပေးဆောင် ခြင်းသည် မိမိတို့နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် လစာဝင်ငွေခွန်ပေးသွင်း ထားသည့် ပြည်ပနေနိုင်ငံသားများအနေဖြင့် မိမိနိုင်ငံတွင် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့် အခြေပစ္စည်းများ ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းစိစစ်မှု ခံယူချိန်တွင် **ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန် ပေးသွင်းခြင်းဆိုင်ရာ အထောက်အထား လက်မှတ်** အား တင်ပြ၍ အထောက်အထားလက်မှတ်ပါဝင်ငွေပမာဏ ကို ဝင်ငွေရလမ်း (အရပ်အခေါ် "ငွေဖြူ") အဖြစ် ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ အဆိုပါအထောက်အထား တင်ပြနိုင် သည့် ပမာဏအထိ ဝင်ငွေခွန်ကျသင့်မည်မဟုတ်ပါ။

၅။ ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင် ခြင်းနှင့်စပ်လျဉ်း၍ ပိုမိုပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေး အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/ပျဉ်းမမြိုင်)၊ ဦးပိုင်အမှတ် (၁၉၆၈/က)၊ မြေဧရိယာ(၀.၁၁၅) ဧကရှိမြေ အား ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်နေ ဦးမြင့်သိန်းမှ လူနေထိုင်ရန်အတွက် ပုဂ္ဂလိက မြေငှားဂရန်ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့(ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ် ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျွန်းလှမြို့**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးမြင့်ဆွေ (၁၁/စတန(နိုင်)၀၃၁၄၈၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့ နယ်၊ မြေတိုင်းအမှတ်(ဃ/ ၃၇/၁၃)၊ စစ်ကိုင်းလမ်း၊ အမှတ် (၁၀၆၃)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိမြေနှင့် နှစ်ထပ်တိုက်(RC) အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးအား ၄-၁၀-၂၀၂၃ရက်တွင် တရားဝင်လက်ရှိထား ပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဦးရှာမွေလခိုင်မြဲနှင့် (၁၂/အစန(နိုင်)၂၂၅၈၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမြင့်ဆွေက အပြီးအပိုင်ဝယ်ယူ လက် ရောက်ရရှိ အကျိုးခံစားလျက်ရှိပြီး ဖြစ်ကြောင်း နှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခွင့်၊ ပေါင်နှံခွင့် လုံးဝမရှိ ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစန်းမင်းဦး**
**အထက်တန်းရှေ့နေ( စဉ်- ၅၁၅၃၁ )**
**အမှတ်(၈၂၉/က)၊ အနန္တသူရိယလမ်း၊ (၁၈) ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၄၂၀၀၃၆၄၅၇**

---

## "Green Myanmar Travels & Tours Company Limited ၏ Managing Director ရာထူးပြောင်းလဲခြင်းအား အများသိစေရန်ကြေညာခြင်း

Green Myanmar Travels & Tours Company Limited ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

Green Myanmar Travels & Tours Company Limited သည် (၂၄-၁၀- ၂၀၁၂) ရက်နေ့မှစ၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင် ခဲ့ပြီး မန်နေဂျင်းဒါရိုက်တာအဖြစ် ဦးရဲကျော်သူ (၁၂/အလန(နိုင်)၀၀၂၄၀၅) မှ တာဝန်ယူဆောင်ရွက်ခဲ့ရာမှ ယခုအခါ ၎င်း၏သဘောဆန္ဒအရ ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ်မှ တရားဝင်နုတ်ထွက်ပြီးဖြစ်ကြောင်းနှင့် ဦးဖြိုးဇော် (၁၃/ ကလန(နိုင်)၀၇၄၀၃၆)သည် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် ဆက်လက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ထို့ကြောင့် ဦးရဲကျော်သူအနေဖြင့် ရာထူးမှနုတ်ထွက်ပြီးဖြစ်၍ အစုရှယ်ယာ များလည်းရှင်းလင်းပြီးဖြစ်ရာ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်နှင့်တာဝန်များ သက်ဆိုင်အကျိုးခံစားခွင့်မရှိတော့ပါသဖြင့် ဦးရဲကျော်သူ တာဝန်ယူစဉ်ကာလအတွင်းကုမ္ပဏီနှင့်ပတ်သက်၍ တစ်စုံတစ်ရာတောင်းဆို ရှင်းလင်းရန်နှင့် မန်နေဂျင်းဒါရိုက်တာရာထူး ပြောင်းလဲခြင်းအပေါ် ကန့်ကွက် ရန်ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ စာရွက် စာတမ်း မူရင်းများနှင့်အတူ ကုမ္ပဏီတွင် လာရောက်ရှင်းလင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဆက်သွယ်ရှင်းလင်းခြင်းမရှိပါက ကုမ္ပဏီမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုလှိုင်(LL.B, D.B.L, D.I.P.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၂၃)**
**အမှတ်(၇၅၀)၊ ဗေဒါ(၂)လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၅၈၃၃၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ အမှတ်(၁၄/AA ၁၄/AA-2) တွင် ဆောက်လုပ်ထားသော MAY INYA Residence ရှိ အခန်း(3C) (Level-3)၊ (930)စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေမီထိန်ဂင်း (၁၂/ဗဟန(နိုင်)၁၀၀၁၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြသန္တာမောင်(၁၂/ပဇတ(နိုင်)၀၂၇၅၆၆)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည်နေ့ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားခြင်း ကြေညာစာ

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-(၇) ရွှေကြာအင်းရပ်၊ ဦးပိုင်အမှတ်(၇၅-က)၊ မြေမျိုး-မြို့မြေ၊ ပိုင်ဆိုင်ခွင့် - B၊ ဧရိယာ (၀.၀၄၉)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - လမ်းကြား
(ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၇၄-က)
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ် (၇၅-ခ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးခင်မောင်မြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက် သည်။

သက်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက် သူမရှိဟုယူဆပြီး လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်တွင်းကြီးမြို့**

---

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့နယ်၊ နန်းပန် ကျေးရွာ အခြေခံပညာအထက် တန်းကျောင်း(ခွဲ) (G-6)မှ မခင်မိုး ထွေး (G-2)မှ မောင်သန့်ဇင်မောင် နှင့်(KG)မှ မောင်သန့်ဇင်အောင် တို့၏ ဖခင်အမည်မှန်မှာ ဦးလှ စန်းထွေး ၅/ဖပန(နိုင်)၀၇၄၇၃၆ ဖြစ်ပါကြောင်း။

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်မြင့် ၁၂/ပဇတ (နိုင်) ၀၀၇၀၁၇ ၏ ပတ်စ်ပို့ နံပါတ် MD 689340 သည် ၂၀၂၃ ခုနှစ်အတွင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၅၀ ၂၀ ၂၆၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/ကြေးမုံရပ်)၊ ဦးပိုင်အမှတ်(၃၀-ဃ)၊ မြေ ဧရိယာ(၀.၁၃၅)ဧကရှိ ဦးကျော်သိန်း၊ ဒေါ်သိန်းသိန်းအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဦးကျော်သိန်းထံမှ လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၉/ ၂၀၂၃)၊(၂၆-၁-၂၀၂၃)နှင့် ဒေါ်သိန်းသိန်း ထံမှ(၁၀၇/၂၀၂၃)(၁၁-၈-၂၀၂၃)ရရှိ ထားသူ ဒေါ်စန်းရီ(ဘ)ဦးတင်မောင် ၉/လဝန(နိုင်)၀၀၄၅၀၃မှ အဆောက် အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာ မှုအပေါ် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/53459, New Anbo-125, M/C ယာဉ် လက်ဝယ်ရှိသူ Arr Shin Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/21672, Honda Scoopy-110 ယာဉ်လက် ဝယ်ရှိသူ ဦးအောင်ကျော်ညွန့် ၉/ ညဥန(နိုင်) ၀၄၂၈၄၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/16772 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဇော် မျိုး ၇/ညလပ(နိုင်)၁၁၉၁၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၆၂၈၃, Honda Wave-125 , M/C ယာဉ် လက်ဝယ်ရှိသူ ဦးတေးယု ၆/ ပလန(နိုင်)၀၃၇၄၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၉၀၀၉, Honda Click 150, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်ခင်စုကြည် ၅/မရန(နိုင်) ၁၉၀၇၀၂ က(ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(မုံရွာ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/5481, Bajaj 200, R/E ယာဉ်လက်ဝယ် ရှိသူ မောင်ဇင်မျိုးဦး ၅/မရန(နိုင်) ၂၃၇၄၅၂ က(ကမ-၃)ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/46505, Jialing-90, M/C ယာဉ်လက် ဝယ်ရှိသူ ဦးသန်းဇော် ၅/ယမပ (နိုင်)၀၆၅၄၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(မုံရွာ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၄၂၈၇၁, Honda Wave ,M/C ယာဉ်လက် ဝယ်ရှိသူ ဦးယဉ်ထွေး ၆/မမန (နိုင်)၁၄၇၆၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၁၁၄၆၂, Honda Wave-110 , M/C ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းနိုင်စိုး ၆/ မအရ(နိုင်)၀၉၄၈၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

---

**သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

(၅၆) ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁၀.၂၀၂၃) ရက်နေ့မှ စတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့် ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင် တော့မည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ အထက (အပေါက်ဝ) Grade-12(C)မှ မနှင်းသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သာစိန် ၁၁/ကတန(နိုင်)၀၅၀၉၁၆ ဖြစ်ပါကြောင်း။

**ဦးမောင်သာစိန်**
**၁၁/ကတန(နိုင်)၀၅၀၉၁၆**

## အမည်မှန်

ဘူးသီးတောင်မြို့၊ အထက (၂) Grade-11 အခန်း(A)မှ မစိုးသန္တာ၏မိခင် အမည်မှန်မှာ ဒေါ်လှနုစိန် ၁၁/ဘသတ(နိုင်)၀၀၅၃၃၃ ဖြစ်ပါကြောင်း။ **ဒေါ်လှနုစိန်**

## မိခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အထက အုံးပတီးကျောင်း Grade-9မှ မစုလှိုင်ဆန်း၏ မိခင် အမည်မှန်မှာ ဒေါ်ပေါက်စ ၁၁/ကတန(နိုင်)၁၀၄၃၁၀ ဖြစ်ပါကြောင်း။

**ဒေါ်ပေါက်စ**
**၁၁/ကတန(နိုင်)၁၀၄၃၁၀**

## အမည်မှန်

ဘူးသီးတောင်မြို့၊ အထက (၂) Grade-9 အခန်း(A)မှ ဦးအောင်ထွန်းသိန်း၏ သမီး မယဉ်စုခိုင်အား အမည်မှန်ဖြစ်သည့် မစုသက်သက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုသက်သက်စံ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယလမ်း ၂၀၊ အမှတ် (၄၇၀)၊ အကျယ်အဝန်းပေ (အလျားပေ ၄၀ x အနံပေ ၆၀) ရှိ ဦးမျိုးညွန့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ ဖ၆လွှာ(A)၊အကျယ်အဝန်း (၁၉ပေ x ၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခက်ခက်ခိုင် ၁၂/မရက(နိုင်)၁၀၅၀၃၀ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မီမီသော် ၁၂/ဥကတ(နိုင်)၁၆၃၃၀၇**
**ဖုန်း-၀၉-၂၆၅၀၅၀၅၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/37531, Nambo-110 ယာဉ်လက်ဝယ်ရှိသူ Star Way Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေး မြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/13478, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/72156 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/တကန(နိုင်)၀၃၀၇၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/75007 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၉/ကဆန(နိုင်)၁၂၅၈၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် - ၆၅၈

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် | နှင့် | ၁။ဦးကျော်ကျော်ဦး |
| (၎င်း၏ကိုယ်စားဦးဝင်းကို | | ၂။ ဒေါ်တင်နွဲ့ |
| မန်နေဂျာတံတားဦးဘဏ်ခွဲ) | | |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

မန္တလေးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၇၃၀/၂၀၂၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

